## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

## ပဉ္စမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၅၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးလျူကွယ်ရှိ၊ ရှမ်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဂျပန် (ဒိုင်ဝါ) ကုမ္ပဏီ နဲ့ ပူးပေါင်းပြီး မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်မှာ စတင် အကောင်အထည်ဖော် ဆောင်ရွက်မယ့် အခြေအနေကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။

မြန်မာစတော့အိတ်ချိန်း ဈေးကွက်ကို ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်မှာဖြစ်ပြီး ရှယ်ယာများကို ၂၀၁၄ ခုနှစ်အတွင်း ရောင်းချပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဂျပန် (ဒိုင်ဝါ)

ကုမ္ပဏီဟာ အရင်ကတည်းက မြန်မာနိုင်ငံမှာ လုပ်ကိုင်ခဲ့ဖူးပြီး လက်ရှိမှာလည်း စတော့အိတ်ချိန်း ဈေးကွက်နဲ့ ပတ်သက်၍ ကိုရီးယား၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှာ လုပ်ကိုင်နေတဲ့အတွက် မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ရွေးချယ်ခဲ့ခြင်းကို ကြိုဆိုပါတယ်။ မြန်မာ စတော့အိတ်ချိန်းဈေးကွက်ကို ဂျပန် (ဒိုင်ဝါ) ကုမ္ပဏီအပြင် ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ စတော့အိတ်ချိန်းအေဂျင်စီတို့ရဲ့ အကူအညီများဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ရှယ်ယာ အများစုကို မြန်မာအစိုးရဘက်မှ ထည့်ဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရတဲ့အတွက် ပိုမိုခိုင်မာမှု များ ရှိမယ်လို့ မျှော်လင့်ပါတယ်။

စတော့အိတ်ချိန်းဈေးကွက် ဆိုတာ အရင်းအနှီးဈေးကွက်ရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ခု ဖြစ်တယ်လို့ ယူဆပါတယ်။ စတော့အိတ်ချိန်း တည်ထောင်တာနဲ့ Capital Market တစ်ခုဖြစ်လာမှာ မဟုတ်ကြောင်း၊ စတော့အိတ်ချိန်း တည်ထောင်မှုနဲ့အတူ Securities Exchange Commission - SEC ကို ဖွဲ့စည်းဖို့ လိုအပ်ပြီး SEC က စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ လုပ်ငန်းလိုင်စင်များ ချပေးရမှာ ဖြစ်ပါတယ်။ SEC စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ငန်းလိုင်စင် စတဲ့အချက်များ ပြည့်စုံမှ Capital Market ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်ကို တက်လှမ်းနိုင်ဖို့ တည်ငြိမ်မှု ရှိတဲ့ ဈေးကွက်စနစ်တစ်ခု ပေါ်ပေါက်လာရန် ခိုင်မာတဲ့ စတော့အိတ်ချိန်းတစ်ခု အမှန်လိုအပ်ကြောင်း ထင်မြင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူအများစုက စတော့အိတ်ချိန်း၊ အရင်းအနှီး၊ ဈေးကွက် စတဲ့ ဝေါဟာရများနဲ့ အကျွမ်းတဝင် မရှိကြပါဘူး။ သို့ဖြစ်ပါ၍ ပြည်သူများ သိရှိ နိုင်ရေးအတွက် စတော့အိတ်ချိန်းရဲ့ သဘောသဘာဝ၊ ရည်ရွယ်ချက်၊ အောင်မြင်လျှင် ဖြစ်လာမယ့် အကျိုး၊ မအောင်မြင်လျှင် ဖြစ်လာမယ့် ဆိုးကျိုးများနဲ့ စတော့အိတ်ချိန်းဈေးကွက်ကို စတင်အကောင် အထည်ဖော် ဆောင်ရွက်မယ့်အခြေအနေကို ပြည်သူအများ သိရှိနိုင်ဖို့အတွက် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ရဲ့ မြန်မာစတော့ အိတ်ချိန်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မေးခွန်းရှင်အနေနဲ့လည်းပဲ စတော့အိတ်ချိန်းအကြောင်းကို တော်တော်လေးတီးခေါက်မိတယ် ဆိုတာ မေးတဲ့ မေးခွန်းကို နားထောင်ခြင်းအားဖြင့် သိရပါတယ်။ ရှင်းလင်းတင်ပြသွားတဲ့အခါမှာ (၃)ပိုင်း

တင်ပြသွားပါမယ်။ ပထမပိုင်းအနေနဲ့ကတော့ Stock Exchange ဆိုတဲ့ ဝေါဟာရကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ Stock Exchange ဆိုတဲ့ ဝေါဟာရမှာ Stock ဆိုတဲ့ အင်္ဂလိပ်စကားပါပဲ။ Exchange ဆိုတဲ့ အင်္ဂလိပ်စကားနှစ်ခု ပေါင်းထားပါတယ်။ Stock ဆိုတာကတော့ Stock Share ဆိုတဲ့ အဓိပ္ပာယ်ကို ယူပါတယ်။ Stock Share ဆိုတဲ့ အဓိပ္ပာယ်ကလည်း ဥပဒေကြောင်းမှာတော့ ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုကို ရုပ်ဝတ္ထုပစ္စည်းလို သဘောထားပြီးတော့ အစိတ်အပိုင်းလေးတွေ ပိုင်းလိုက်ပါတယ်။ အဲဒီလို အစိတ်အပိုင်းတွေ ပိုင်းပြီးတော့ အစိတ်အပိုင်းတစ်ပိုင်းကို ဒါ ရှယ်ယာတစ်ခုအနေနဲ့ သတ်မှတ်ပြီးတော့ ရှယ်ယာတစ်ခု ဝယ်တဲ့သူဟာ ကုမ္ပဏီရဲ့တစ်ပိုင်း၊ အစိတ်အပိုင်း တစ်ပိုင်းကို ပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လုပ်ထားတာ ဖြစ်ပါတယ်။

Exchange ဆိုတဲ့ စကားကတော့ သူ့မူရင်းစကားကတော့ အားလုံးသိတဲ့အတိုင်း လဲလှယ်ခြင်း ဖြစ်ပါတယ်။ သို့သော် အဲဒီ လဲလှယ်ခြင်း ဆိုတဲ့ အဓိပ္ပာယ်ကို အခြေခံပြီးတော့ နိုင်ငံတကာမှာ အထူးသဖြင့် အင်္ဂလန်နိုင်ငံမှာ ဈေးကွက်ကြီးတွေ၊ Specialize အထူးပြုထားတဲ့ ဈေးကွက်ကြီးတွေကို သူက Exchange ဆိုတဲ့ စကားနဲ့ သုံးပါတယ်။ Market ရိုးရိုးလို့ မသုံးပါဘူးခင်ဗျား။ တကယ်တော့ Market ဆိုတာဟာလည်း ကုန်စည် နဲ့ ငွေ လဲလှယ်တဲ့နေရာ ဆိုတော့ အဲဒီ Market နဲ့ Exchange က အဓိပ္ပာယ် အတူတူပါပဲ။ အင်္ဂလန်နိုင်ငံမှာ ကုန်စည်တွေ ရောင်းတဲ့ဈေးကွက်ဆို Commodity Exchange ဆိုပြီး သုံးပါတယ်။ သတ္တုတွေ ရောင်းတဲ့ဈေးကွက်ဆိုရင် ကြေးနီ ဆို ကြေးနီအိတ်ချိန်း၊ ကြေးဝါ ဆို ကြေးဝါ အိတ်ချိန်း စသည်ဖြင့် အဲဒီလိုတွေ သုံးပါတယ်။ Stock တွေကို အရောင်းအဝယ် လုပ်တဲ့နေရာကိုတော့ Stock Exchange လို့ သုံးတာ ဖြစ်ပါတယ်။

အဲဒီတော့ စတော့အိတ်ချိန်း ဆိုတဲ့ အဓိပ္ပာယ်သည် စတော့ရှယ်ယာများကို အရောင်းအဝယ် လုပ်တဲ့နေရာ၊ စတော့ရှယ်ယာများကို အရောင်းအဝယ်လုပ်တဲ့ ဈေးကွက် ဆိုပြီးတော့ အဓိပ္ပာယ် ရပါတယ် ခင်ဗျား။ ဒါကတော့ စတော့အိတ်ချိန်း နဲ့ ပတ်သက်ပြီးတော့ ရှင်းပြခြင်းဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ကတော့ စတော့အိတ်ချိန်း ရဲ့ သမိုင်းနောက်ခံလေးကို အနည်းငယ်မျှ ကျွန်တော် တင်ပြလိုပါတယ်။ စတော့အိတ်ချိန်း ရဲ့ သမိုင်းနောက်ခံဟာ အများပိုင်ကုမ္ပဏီတွေ ပေါ်ပေါက် လာတာနဲ့ ဆက်စပ်ပါတယ်ခင်ဗျား။ အများပိုင်ကုမ္ပဏီတွေဟာ (၁၈)ရာစုနှောင်းပိုင်းလောက်မှာ စပြီးတော့ ပေါ်လာပါတယ်။ အရင်တုန်းကတော့ စီးပွားရေးလုပ်တယ်ဆိုတာ ကိုယ့်ငွေနဲ့ကိုယ် လုပ်တဲ့သဘောပဲ ရှိပါတယ်။ နောက်ပိုင်းမှာကျတော့ ကိုယ့်ငွေနဲ့ကိုယ် မလုပ်ဘဲနဲ့ ငွေပိုငွေလျှံရှိတဲ့ သူတွေဆီက ငွေတွေ တောင်းခံပြီးတော့ စီးပွားရေးလုပ်တဲ့ အများပိုင်ကုမ္ပဏီတွေ ပေါ်လာပါတယ်။ အများပိုင်ကုမ္ပဏီတွေ ပေါ်လာတဲ့အခါမှာ ပေါ်စ (၁၈)ရာစုနှောင်းပိုင်းလောက်မှာကတော့ ဘာစည်းကမ်းမှ မရှိတဲ့အတွက် ကြောင့် အများပိုင်ကုမ္ပဏီ ထောင်မယ်၊ ဘာစီးပွားရေး လုပ်မယ်၊ ထည့်ကြပါ ဆိုပြီးတော့ သူတို့ရဲ့ အစုရှယ်ယာတွေ လိုက်ရောင်းပါတယ်။ ရောင်းတော့ ဝယ်တဲ့သူတွေက ဝယ်ကြ၊ အဲဒီကုမ္ပဏီက လိမ်သွားတဲ့အခါမှာ အစုရှယ်ယာ ဝယ်ထားတဲ့သူတွေ နစ်နာမှုတွေ ဖြစ်ပါတယ်။ အထူးသဖြင့် ထင်ရှားတဲ့ သာဓကတစ်ခုက အဲဒီ (၁၈)ရာစုနှစ်၊ ၁၇၁၁ ခုနှစ်လောက်မှာ South Sea Company တောင်ပင်လယ် ကုမ္ပဏီ ဆိုပြီးတော့ အများပိုင်ကုမ္ပဏီတစ်ခုကို အင်္ဂလန်မှာ ထောင်ပါတယ်။ ထောင်ပြီးတော့ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ တောင်အမေရိကတိုက်၊ South Sea ပေါ့၊ တောင်အမေရိကတိုက်၊ တောင်ဘက် သမုဒ္ဒရာပိုင်းမှာ ကူးသန်းရောင်းဝယ်မှုတွေ လုပ်မယ်။ အဲဒီဒေသကလည်းပဲ နယ်မြေသစ် ရှာဖွေတဲ့အချိန်

ဖြစ်နေတော့ ရွှေတွေ၊ ကျောက်တွေ၊ စိန်တွေ ထွက်တယ်ပေါ့။ အဲဒီမှာသွားပြီး ကူးသန်းရောင်းဝယ်မှုတွေ လုပ်မယ်။ ပိုက်ဆံတွေ ထည့်ကြပါဆိုပြီး ရှယ်ယာတွေ ထုတ်ရောင်းပါတယ်။ ရောင်းတော့ ဝယ်တဲ့သူတွေ လည်း ဝယ်ကြပြီး နောက်ဆုံးကျတော့ ဘာမှမဖြစ်ဘဲနဲ့ အများပြည်သူတွေက လိမ်လည်ခြင်းကို ခံလိုက် ရပါတယ်။

ထို့အတူပဲ အဲဒီခေတ်တုန်းကတော့ Tulip ဆိုတဲ့ပန်းဟာ အနီရောင်ပဲ ရှိပါတယ်။ အခု ခေတ်တော့ အမဲရောင် ပေါ်ပါပြီ ခင်ဗျား။ အဲဒီ အနီရောင်ရှိတဲ့အချိန်မှာ Black Tulip ပေါ့၊ အမဲရောင် ကျူးလစ်ပန်းကို တီထွင်မယ်ဆိုပြီး ကုမ္ပဏီထောင်၊ အဲဒီလိုပဲ အများပြည်သူတွေဆီက ပိုက်ဆံတွေယူ၊ ယူပြီးတော့ နောက်ဆုံးတော့ ဘာမှမဖြစ်ဘဲနဲ့ လိမ်သွားတဲ့ သာဓကတွေ အများကြီး ဖြစ်လာပါတယ်။ အဲဒီလို ဖြစ်လာတဲ့အတွက်ကြောင့် အများပိုင်ကုမ္ပဏီနဲ့ ပတ်သက်ပြီးတော့ နောက်ပိုင်းမှာတော့ အများပိုင်ကုမ္ပဏီ တည်ထောင်မယ်ဆိုရင် အစိုးရရဲ့ ခွင့်ပြုချက်တွေ ယူရမယ်ဆိုတဲ့ မူ ထွက်လာပါတယ်။ အဲဒီလို မူ ထွက်ရာကစပြီးတော့ အရင်တုန်းကတော့ ဒီ ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေ အရောင်းအဝယ် လုပ်ရာမှာ အင်္ဂလန်နိုင်ငံမှာကတော့ Coffee House လို့ ခေါ်တဲ့ လက်ဖက်ရည်ဆိုင်ပေါ့၊ ကျွန်တော်တို့ ဗမာအခေါ်နဲ့ဆို ကော်ဖီဆိုင်တွေ၊ အဲဒီမှာ ဖြစ်ကတတ်ဆန်း လုပ်ကြတာပေါ့။ ခုန ဥပဒေထွက်ပြီးတဲ့ နောက်ပိုင်းမှာတော့ အဲဒီလို ဖြစ်ကတတ်ဆန်း လုပ်ခွင့်မပေးဘဲနဲ့ စတော့အိတ်ချိန်း ဆိုတဲ့ နေရာမျိုးကို အစိုးရက သတ်မှတ်ပြီးတော့မှ အဲဒီမှာ လာပြီးတော့ ကုမ္ပဏီတွေက ရှယ်ယာ ထုတ်ရောင်းချင်ရင်လည်းပဲ ရောင်းချင်တိုင်း ရောင်းလို့မရဘဲနဲ့ သတ်မှတ်တဲ့ စည်းကမ်းချက်တွေနဲ့အညီ ရောင်းရမယ်ဆိုတဲ့ ဥပဒေတွေ ချမှတ်ပြီး လုပ်လာရာကနေပြီးတော့ စတော့အိတ်ချိန်း ဆိုတာ ပေါ်လာပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အရှေ့တိုင်းမှာ အိန္ဒိယရော၊ ဗမာပြည်ရော သိမ်းသွားဖူးတဲ့ အရှေ့ အိန္ဒိယကုမ္ပဏီ ဆိုတာဟာလည်းပဲ ဥက္ကဋ္ဌကြီး တို့ သိတဲ့အတိုင်းပဲ အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အများပိုင်ကုမ္ပဏီကတော့ ဘုရင်မကြီးရဲ့ အုပ်ချုပ်မှုနဲ့ ဘုရင်မရဲ့ Charter အရ ဖွဲ့ထားတာ ဖြစ်တဲ့ အများပိုင်ကုမ္ပဏီ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဟာ အဲဒီလို ခိုင်မာလာပါတယ်။ ဒါ အများပိုင် ကုမ္ပဏီနဲ့ ပတ်သက်တဲ့ နောက်ခံသမိုင်း အကျဉ်းပါ။

ယနေ့ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အများပိုင် ဒီ စတော့အိတ်ချိန်းကိစ္စကို ဆက်ပြီး တင်ပြ သွားပါ့မယ်။ ၁၉၉၆ ခုနှစ်ကတည်းကစပြီးတော့ ဗမာပြည်မှာ စတော့အိတ်ချိန်း တည်ထောင်ဖို့ ဆိုပြီးတော့ လုပ်ခဲ့ပါတယ်။ သို့သော် အဲဒီအချိန်တုန်းကတော့ အခြေအနေတွေ မပေးသေးတဲ့အတွက် ဘာမှမဖြစ်ခဲ့ ပါဘူး။ သို့သော် ၂၀၁၃ ခုနှစ်မှာတော့ ဒီ စတော့အိတ်ချိန်း တည်ထောင်ဖို့ ကြိုတင်ပြင်ဆင်ရေးကော်မတီ ဆိုတာကို ကျွန်တော့်ကို ဥက္ကဋ္ဌ ထားပြီးတော့ ဖွဲ့ပေးခဲ့ပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့ စတော့အိတ်ချိန်း၊ ရန်ကုန်စတော့အိတ်ချိန်း ဆိုတဲ့ နာမည်နဲ့ ထောင်ဖို့ကို စပြီးတော့ လုပ်ပါတယ်။ အဲဒီလို လုပ်တဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အပိုင်းကြီး(၃)ပိုင်း ပိုင်းပြီးတော့ လုပ်သွားပါတယ်။ အပိုင်း(၃)ပိုင်းကို တစ်ပြိုင်နက် တည်း ကျွန်တော်တို့ လုပ်သွားပါတယ်။ အချိန်မရတဲ့ အတွက်ကြောင့်၊ ပထမအပိုင်းက ဘာလဲဆိုလို့ရှိရင် ဒီ စတော့အိတ်ချိန်းကို အုပ်ချုပ်မယ့် အဖွဲ့အစည်း၊ Regulatory Body ဖြစ်ပါတယ်။ အဲဒါကို တည်ထောင်တာ တစ်ပိုင်းလုပ်ပါတယ်။ ပြီးတော့မှ ဒီ စတော့အိတ်ချိန်း ဆိုတဲ့ ဈေးကြီးကို ထောင်ဖို့ အတွက်က တစ်ပိုင်းလုပ်ပါတယ်။ နောက်တစ်ပိုင်းကတော့ အဲဒီ စတော့အိတ်ချိန်းမှာ လာပြီးတော့ စတော့

ရှယ်ယာတွေ၊ စတော့ဝေစုတွေ ရောင်းမယ့် ကုမ္ပဏီတွေကို ပြင်ဆင်ပေးတဲ့ အပိုင်းဆိုပြီး အပိုင်းကြီး(၃)ပိုင်း ခွဲပြီးတော့ ကျွန်တော်တို့ လုပ်ပါတယ်။

ပထမပိုင်းဖြစ်တဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်း (Regulatory Body) တည်ထောင်ဖို့အတွက် ကတော့ စတော့အိတ်ချိန်းနဲ့ ပတ်သက်တဲ့ ဥပဒေတွေပါ။ ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေ ဆိုတာကို မနှစ်က ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ နည်းဥပဒေများကိုလည်း ကျွန်တော်တို့ ရေးဆွဲပြီး ဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးကို ပို့ထားပြီးတော့ ရှေ့နေချုပ်ရုံးက အတည်ပြုလို့ ရှိရင် မကြာခင်မှာ ထုတ်ပြန်ဖို့ ရှိပါတယ်။ အဲဒီတော့ ဒီ ဥပဒေတွေ၊ နည်းဥပဒေတွေ ဆွဲတဲ့နေရာမှာတော့ ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ပညာရှင်များက ကျွန်တော်တို့ကို အကူအညီပေးပါတယ်။ အဲဒီ ဥပဒေအရ ဆိုလို့ရှိရင် ခုနက မေးခွန်းရှင် တင်ပြထားတဲ့ Security Exchange Commission လို့ ခေါ်တဲ့ ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကို အုပ်ချုပ်မယ့် အဖွဲ့အစည်း၊ အဲဒါကို ကျွန်တော်တို့ ဖွဲ့ဖို့ရှိပါတယ်။ အဲဒီ အဖွဲ့အစည်း ဖွဲ့ဖို့လည်း အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ အထက်အဖွဲ့အစည်းတွေ တင်ပြပြီး ခွင့်ပြုချက်ရတာနဲ့ ကျွန်တော်တို့ ဒါကို ဖွဲ့သွားပါမယ်။ ဒါကတော့ ပထမပိုင်းဖြစ်တဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်းနဲ့ ဥပဒေပိုင်းကိစ္စ ဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ စတော့အိတ်ချိန်းကြီး တည်ထောင်ဖို့၊ ဒီစတော့တွေ ရောင်းချမယ့် ဈေးကြီး တည်ထောင်ဖို့ ကိစ္စကတော့ ကျွန်တော်တို့ နိုင်ငံတော်ပိုင်တဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ ဂျပန်နိုင်ငံမှာရှိတဲ့ ဒိုင်ဝါ ၊ ခုန မေးခွန်းရှင်ကြီး တင်ပြသွားတဲ့ အဖွဲ့အစည်းပါ၊ ဒိုင်ဝါ အဖွဲ့အစည်း ဆိုတာကလည်း ၁၉၆၉ ခုနှစ်ကတည်းက ရောက်ပြီးတော့ ကျွန်တော်တို့ကို ဒီဟာနဲ့ ပတ်သက်လို့ အကူအညီတွေ ပေးနေတဲ့ အဖွဲ့အစည်းပါ။ အဲဒီ အဖွဲ့အစည်းရယ်၊ ဂျပန်စတော့အိတ်ချိန်း ဆိုတဲ့ အဖွဲ့အစည်းရယ်၊ အဲဒီ နှစ်ခုပေါင်းနဲ့ ကျွန်တော်တို့ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်နဲ့က Joint Venture ဖွဲ့ဖို့ရှိပါတယ်။ အဲဒီ Joint Venture နဲ့ ပတ်သက်တဲ့ မူကြမ်းတွေလည်းပဲ၊ စာချုပ်မူကြမ်းတွေလည်းပဲ ကျွန်တော်တို့ စိစစ်ပြီးပြီ ဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးရဲ့ အတည်ပြုချက်ကိုလည်း ရရှိပြီးဖြစ်ပါတယ်။ အဲဒါကိုလည်းပဲ အထက် အဖွဲ့အစည်းတွေကို တင်ပြပြီးတော့ မကြာခင်မှာ ဒါကို တည်ထောင်ဖို့ ရှိပါတယ်။ အဲဒီလို တည်ထောင်တဲ့ နေရာမှာတော့ ကျွန်တော်တို့ Paid-up Capital ပါ။ ကျွန်တော်တို့ ထည့်ဝင်ပြီး မတည်ရင်းနှီးငွေကတော့ မြန်မာငွေ(၃၂)ဘီလီယံ သတ်မှတ်ပါတယ်။ အဲဒီ (၃၂)ဘီလီယံမှာ ကျွန်တော်တို့ အစိုးရပိုင်း မြန်မာ့ စီးပွားရေးဘဏ်အနေနဲ့ (၅၁)ရာခိုင်နှုန်း ယူမှာဖြစ်ပါတယ်။ ကျန်တဲ့ ဂျပန်ကုမ္ပဏီနှစ်ခုကိုတော့ (၄၉)ရာခိုင်နှုန်း မျှပြီး ပေးလိုက်မှာဖြစ်ပါတယ်။ အဲဒါကို လုပ်တဲ့နေရာမှာလည်း ခုန ဂျပန်နိုင်ငံရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရော၊ စတော့အိတ်ချိန်းနဲ့ ပတ်သက်တဲ့ ပညာရှင်တွေကရော ကျွန်တော်တို့ကို ဒါ ဆက်ပြီးတော့ အကူအညီပေးနေပါတယ်။

နောက် တတိယပိုင်းဖြစ်တဲ့ ဈေးကွက်ကို ပြင်ဆင်တဲ့အပိုင်း ဖြစ်ပါတယ်။ ဈေးကွက်ကို ပြင်ဆင်တဲ့အပိုင်း ဆိုတာ အခု မြန်မာနိုင်ငံမှာ ဥက္ကဋ္ဌကြီးတို့ သိတဲ့အတိုင်းပါပဲ။ အများပိုင်ကုမ္ပဏီတွေ တအားကို ခေတ်စားလာပါတယ်။ အများပိုင်ကုမ္ပဏီတွေဟာ ကျွန်တော် မှတ်မိသလောက်ဆိုရင် ၂၀၁၃ ခုနှစ်ကနေ ဒီနှစ်အတွင်းမှာ (၂၀၀)ကျော်လောက် ဖြစ်သွားပါတယ်။ (၂၀၀)ကျော်လောက် ဖြစ်သွား ပြီးတော့ ကျွန်တော်တို့နဲ့ တခြားနိုင်ငံတွေရဲ့ အများပိုင်ကုမ္ပဏီ ကွာခြားတဲ့အချက်က တခြားနိုင်ငံတွေမှာ ကိုယ်ပိုင်ကုမ္ပဏီကို အရင်ထောင်ကြပါတယ်။ ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီး စီးပွားရေး လုပ်ပြလိုက်တယ်။

လုပ်ပြပြီး အောင်မြင်တော့မှ အများပိုင်ကုမ္ပဏီ ဆိုပြီးတော့ ရှယ်ယာတွေကို ထုတ်ရောင်းတာကို လုပ်ပါတယ်။ ဥပမာတစ်ရပ်အနေနဲ့ တင်ပြရရင် Face Book ၊ Face Book ဟာ ပထမ ကိုယ်ပိုင်ကုမ္ပဏီအနေနဲ့ သူ နှစ်ပေါင်းများစွာ လုပ်ပြီးတော့ အောင်မြင်သွားတော့မှ ပြီးခဲ့တဲ့ နှစ်လောက်ကမှ သူရဲ့ အစုရှယ်ယာတွေ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းပြီး အစုရှယ်ယာတွေကို ထုတ်ရောင်းသွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက အများပိုင်ကုမ္ပဏီတွေကတော့ စထောင်တာနဲ့ အစုရှယ်ယာတွေ ထုတ်ရောင်းတဲ့ အနေအထားတွေ ရှိပါတယ်။ ရှိတော့ အဲဒါတွေကို ကျွန်တော်တို့က စတော့အိတ်ချိန်း ထောင်တဲ့နေရာမှာ သူတို့ရဲ့ ရှယ်ယာတွေသည် စတော့အိတ်ချိန်းမှာ ရောင်း/ဝယ်ခွင့် ရဖို့အတွက် အရည်အသွေးတွေနဲ့ ပြည့်မီအောင် လုပ်ပေးတဲ့အပိုင်း ဖြစ်ပါတယ်။

ဒီ စတော့အိတ်ချိန်းကတော့ အများပိုင်ကုမ္ပဏီတိုင်းရဲ့ ရှယ်ယာတွေကို တင်ပြီးတော့ ရောင်းပေးမှာ မဟုတ်ပါဘူး။ အများပိုင်ကုမ္ပဏီတွေထဲကမှ စိတ်ချယုံကြည်ရတဲ့ ကုမ္ပဏီတွေရဲ့ ရှယ်ယာများကိုသာ ရောင်းချပေးမှာ ဖြစ်ပါတယ်။ စိတ်ချယုံကြည်တယ် ဆိုတာကို ဘာနဲ့တိုင်းတာမှာလည်း ဆိုလို့ရှိရင် နိုင်ငံတကာမှာကတော့ စတော့အိတ်ချိန်းတွေမှာ ဟို ကျွန်တော် အင်္ဂလိပ်စကားသုံးတာ ခွင့်ပြုပါ။ Criteria လို့ခေါ်တဲ့ စံနှုန်းတွေနဲ့ တိုင်းတာပါတယ်။ ဥပမာအားဖြင့် စတော့အိတ်ချိန်းမှာ လာပြီးတော့ စာရင်းတင်ပြီးတော့ ရောင်းမယ့်ကုမ္ပဏီမှာ Corporate Governance လို့ခေါ်တဲ့ အုပ်ချုပ်မှု ကောင်းရမယ်။ ပွင့်လင်းမြင်သာမှု (Transparency) ရှိရမယ်။ အခွန်အခတွေကို အကြေပေးပြီး ဖြစ်ရမယ်။ နိုင်ငံတကာက လက်ခံထားတဲ့ စာရင်းအင်းနဲ့ပတ်သက်တဲ့ သဘောတရားတွေ သုံးရမယ်။ စသည်ဖြင့် အဲဒီစံနှုန်းတွေ သတ်မှတ်ပြီး အဲဒီစံနှုန်းနဲ့ညီတဲ့ ကုမ္ပဏီများကိုသာ အဲဒီ စတော့အိတ်ချိန်းမှာ စာရင်း တင်ခွင့်ပြုပါတယ်။ အဲဒီ စာရင်းတင်တာကိုတော့ သူတို့နိုင်ငံမှာ သုံးတာ Listed ဆိုတဲ့ စကားနဲ့ သုံးပါတယ်ခင်ဗျား။ Listed လုပ်ခွင့်ပြုပါတယ်။ အဲဒီ Listed လုပ်ထားတဲ့ ကုမ္ပဏီရဲ့ ရှယ်ယာများကိုသာလျှင် ဒီက ရောင်းချပေးပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဆီမှာ အများပိုင်ကုမ္ပဏီ (၂၀၀)ပတ်ဝန်းကျင် ရှိနေပေမယ့် တကယ် ခိုင်မာတဲ့ ကုမ္ပဏီကတော့ နည်းပါတယ်။ နည်းတဲ့အခါမှာ အဲဒီခိုင်မာတဲ့ ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ စကားပြောပြီးတော့ သူတို့ကို ပို့ပြီးတော့ စတော့အိတ်ချိန်းမှာ ရှယ်ယာ ထုတ်ရောင်းနိုင်လောက်တဲ့ အရည်အသွေးတွေနဲ့ ပြည့်မီလာအောင် ကျွန်တော်တို့ လုပ်ပေးနေပါတယ်။ လောလောဆယ်မှာတော့ ကုမ္ပဏီနှစ်ခုနဲ့ ကျွန်တော်တို့ MoU ထိုးပြီး လုပ်ပေးနေပါတယ်။ နောက်ထပ်လည်းပဲ ကျွန်တော်တို့ ကုမ္ပဏီတွေ ရှိပြီးသားထဲက ခိုင်မာပြီးသားထဲကမှ အခိုင်မာဆုံးဖြစ်တဲ့ကုမ္ပဏီတွေကို ရွေးပြီးတော့ ကျွန်တော်တို့ ထပ်ပြီးတော့ သူတို့ကို အရည်အသွေးတွေ ပြည့်မီအောင် ပြင်ဆင်ပေးနေပါတယ်။ ဆိုတော့ ဒါကတော့ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အပိုင်း ဖြစ်ပါတယ်။ အားလုံး ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှာ ဒီစတော့အိတ်ချိန်းကြီး စတင်ပြီးတော့ လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။ အဲဒီချိန်မှာစပြီးတော့ ကျွန်တော်တို့ ရှယ်ယာတွေ အရောင်းအဝယ် လုပ်ဖို့ ဖြစ်ပါတယ်။

စတင် လုပ်ဆောင်စမှာတော့ ကျွန်တော်တို့ ခိုင်မာတဲ့ကုမ္ပဏီ၊ အများပိုင်ကုမ္ပဏီ (၅)ခုလောက်နဲ့ပဲ စပါမယ်။ တချို့နိုင်ငံတွေမှာ (၂)ခုနဲ့ စတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ လာအိုနိုင်ငံဆို (၂)ခုနဲ့စတယ်။ ဗီယက်နမ် ဆိုရင် (၃)ခုနဲ့စတယ် စသဖြင့် အဲဒီလို ရှိတဲ့အတွက် ကျွန်တော်တို့ကတော့ လက်ရှိ အခြေအနေက (၅)ခု၊ (၆)ခုလောက် ဒီပတ်ဝန်းကျင်လောက်နဲ့ စနိုင်တဲ့အနေအထားမျိုးတွေ ရှိပါတယ်

ခင်ဗျား။ စတော့အိတ်ချိန်း လုပ်မယ့်နေရာကတော့ ကုန်သည်လမ်းနဲ့ ဆူးလေလမ်းထောင့်မှာရှိတဲ့ ယခင်က Union Bank ပေါ့၊ ပြည်ထောင်စုဘဏ် အဆောက်အအုံကြီး ဖြစ်ပါတယ်။ အဲဒီအဆောက်အအုံကြီးရဲ့ ပထမထပ်မှာ ကျွန်တော်တို့က စတော့အိတ်ချိန်းကို ဖွင့်မှာ ဖြစ်ပါတယ်။ အဲဒါအတွက်လည်း ကျွန်တော်တို့ အဲဒီအဆောက်အအုံက ဗဟိုဘဏ် ပိုင်တဲ့အတွက် ဗဟိုဘဏ်ကလည်း ကျွန်တော်တို့ ငှားဖို့ ရှိပါတယ်။ မြေညီထပ် ငှားပြီး ဒါကို ဆက်ပြီး လုပ်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခု မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့အထဲမှာ အကျိုးအပြစ်တွေကို မေးထားပါတယ်ခင်ဗျား။ အကျိုးအနေနဲ့တော့ အများကြီး ရပါတယ်။ နံပါတ်(၁)အကျိုးက ဘာတွေရသလဲ မေးရင် ငွေပိုငွေလျှံရှိတဲ့ ပြည်သူတွေအနေနဲ့ သူတို့ ငွေတွေကို ရင်းနှီးမြှုပ်နှံဖို့အတွက် နေရာရလာပါမယ်။ တစ်ဖက်ကလည်းပဲ ကုမ္ပဏီအနေနဲ့ ငွေလိုတဲ့အခါမှာ၊ လုပ်ငန်းတိုးချဲ့ဖို့ ငွေလိုတဲ့အခါမှာ ဘဏ်က ငွေချေးတယ် ဆိုလို့ရှိရင် ဒါက စရိတ်ကြီးပါတယ်ခင်ဗျား။ အတိုးက များပါတယ်။ အခု ဒီရှယ်ယာတွေ ထုတ်ရောင်းတဲ့အခါမှာ အတိုးရယ်လို့ ပေးစရာ မရှိဘဲနဲ့ မြတ်တဲ့အခါမှသာ အမြတ်ဝေစုကို ခွဲပေးတာ ဖြစ်တဲ့အတွက် သူတို့အတွက်က ငွေရင်း ရဖို့အတွက် သူတို့ ကုမ္ပဏီဘက်ပိုင်းကလည်း ကောင်းပါတယ်။ ငွေရင်းတွေ ရမယ်ဆိုလို့ရှိရင် ကုမ္ပဏီအနေနဲ့ လုပ်ငန်းတွေ အများကြီး တိုးချဲ့သွားနိုင်ပါတယ်။ လုပ်ငန်းတိုးချဲ့မယ်ဆိုရင်လည်းပဲ အလုပ်အကိုင် ရရှိရေးဆိုတဲ့ အကျိုးတရားကို ကျွန်တော်တို့ ရသွားပါမယ်။ ခြုံပြီးပြောရမယ်ဆိုလို့ရှိရင်တော့ နိုင်ငံတော်ရဲ့ စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံး တိုးတက်ဖို့အတွက် အထောက်အကူ ဖြစ်ပါတယ်။

အပြစ်အနေနဲ့ကတော့ ဒါကို ကျွန်တော်တို့ မလုပ်ဘူးဆိုရင် ခုနက ပြောတဲ့ အကျိုးတရားတွေ လုံးဝ ရမှာမဟုတ်ပါဘူး။ ဒီထက်ဆိုးတဲ့အချက်ကတော့ ရင်းနှီးမြှုပ်နှံချင်တဲ့ အများပြည်သူတွေကို မသမာသူတွေက အများပိုင်ကုမ္ပဏီ ဆိုတာကို ဗန်းပြပြီးတော့ ငွေတွေ လိမ်သွားမယ့်အဖြစ်မျိုးတွေ ရှိပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းမှာ မကြာသေးမီးကပဲ မကြာသေးမီဆိုတာ ကြာတော့ ကြာသွားပါပြီ။ အရင်အစိုးရလက်ထက်မှာ ကျွန်တော်တို့ ငွေစုငွေချေးအသင်း ဆိုတဲ့ နာမည်တွေနဲ့ လုပ်သွားဖူးတော့ ခါးစည်းခံလိုက်ရတဲ့ သာဓကတွေလည်း ရှိပါတယ်။ အဲဒါကတော့ အကြီးဆုံး ဆိုးကျိုး ဖြစ်ပါတယ်။ တခြားတော့ တင်ပြစရာ မရှိပါဘူး။ တင်ပြခွင့်ရအတွက် ကျေးဇူးတင်ပါတယ်။ မေးခွန်း မေးပေးတဲ့ မေးခွန်းရှင်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း ရဲ့ မေးခွန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ရဲ့ အဖြေက အများပြည်သူ သိရှိသင့်တဲ့အတွက် မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့နဲ့ သတင်းစာများမှာ ဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**လိုင်းဗားဆည်မှရေကို လုံရန်းကျေးရွာနှင့် ဖလမ်းမြို့သို့ သောက်သုံးရေအတွက် ဖြန့်ဝေပေးပြီး လိုင်းဗားဆည်မှ လျှပ်စစ်ဒိုင်နမိုနှင့် ဆက်စပ်ပစ္စည်းများအား ခေါ်ပွာလ်ကျေးရွာရှိ လုံးလွေချောင်း ရေအားလျှပ်စစ်တည်ဆောက်ရာတွင် ပြောင်းရွှေ့အသုံးပြု လည်ပတ်စေပြီး အနီးအနားရွာများအား လျှပ်စစ် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က လိုင်းဗားဆည်မှရေကို လုံရန်းကျေးရွာနှင့် ဖလမ်းမြို့သို့ သောက်သုံးရေအတွက် ဖြန့်ဝေပေးပြီး လိုင်းဗားဆည်မှ

လျှပ်စစ်ဒိုင်နမိုနှင့် ဆက်စပ်ပစ္စည်းများအား ခေါ်ပွာလ်ကျေးရွာရှိ လုံးလွေချောင်း ရေအားလျှပ်စစ် တည်ဆောက်ရာတွင် ပြောင်းရွှေ့အသုံးပြု လည်ပတ်စေပြီး အနီးအနားရွာများအား လျှပ်စစ်ဖြန့်ဝေ ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနဲ့ ဖိတ်ကြားထားတဲ့ ကော်မရှင်အဖွဲ့ဝင် များ၊ အစည်းအဝေးသို့ တက်လာတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျက်သရေ အပေါင်းနဲ့ ပြည့်စုံပြီး လိုရာဆန္ဒနဲ့ ပြည့်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်း မေးရတဲ့အကြောင်းကတော့ အစိုးရ ကနေပြီးမှ စေတနာဖြင့် လျှပ်စစ်ဓာတ်အားကို ဂန့်ဂေါကနေတစ်ဆင့် ချင်းပြည်နယ်၊ ဟားခါးမြို့ အဲဒီကနေ လိုင်းခွဲလုပ်ပြီးမှ ထန်တလန်မြို့ကို ဖြန့်ဝေမယ့် အစီအစဉ်၊ နောက် ဟားခါးမြို့ကနေ ဖလမ်းကို ဆက်ပြီးမှ လိုင်းဆွဲပြီးမှ ကျွန်တော်တို့ ဖလမ်းမြို့ကနေ ကျွန်တော်တို့ လိုင်းခွဲကို ရိဒ်မြို့ကို လျှပ်စစ်မီး ဖြန့်ဝေတဲ့ အစီအစဉ်၊ အဲဒီဖလမ်းမြို့ကနေ တစ်ဆက်တည်း တစ်လိုင်းကို ပြန်ဆွဲပြီးမှ သိုင်းငင်း၊ သိုင်းငင်းကနေ တီးတိန်မြို့၊ တွန်းဇံမြို့၊ ကျီးခါးမြို့များကို လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးဖို့ အစီအစဉ်တစ်ရပ် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ဇွန်လ ဒီလမှာ ကျွန်တော်တို့ ဟားခါးမြို့ကို လျှပ်စစ်ဓာတ်အား မဟာဓာတ်လိုင်း ရောက်ရှိမယ်လို့ စာစောင်ထဲမှာ ဖတ်ဖူးပါတယ်။ အခု ရောက်များ ရောက်နေပြီလားလို့ မပြောတတ်ပါဘူး။ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား ရောက်တဲ့အခါမှာ အခု လက်ရှိ ဟားခါးမြို့နဲ့ ထန်တလန်မြို့က အသုံးပြုနေတဲ့ လျှပ်စစ်ဓာတ်အားဟာ ကျွန်တော်တို့ လိုင်းဗားလျှပ်စစ်ဓာတ်အားကနေ ဖြန့်ဝေပေးနေပါတယ်။ အဲဒီ လိုင်းဗားလျှပ်စစ်ဓာတ်အား တည်နေရာ တလန်းဇာရ် ကျေးရွာကနေပြီးမှ တောင်ဘက်ကို လိုင်းဆွဲပြီးမှ ဟားခါးကို ဖြန့်ဝေပေးပါတယ်။ အနောက်ဘက်ကိုလိုင်းဆွဲပြီးမှ ကျွန်တော်တို့ ဟရိရန်နန်းကျေးရွာ၊ စိကျန်ကျေးရွာ၊ လုံးဇာရ်ကျေးရွာနဲ့ ခွားဖိုကျေးရွာများကို မီးအားဖြန့်ဝေပြီး ထန်တလန်မြို့ကို မီးအားဖြန့်ဝေပေးပါတယ်။ ဆိုတော့ ဒီ ကျွန်တော်တို့ ဒီ မဟာဓာတ်အားလိုင်း ဟားခါး ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ ရောက်တာနဲ့ မီးအား Step Down ထရန်စဖော်မာ ပြုလုပ်ပေးလို့ ရှိရင် ဟားခါးမြို့နဲ့ ထန်တလန်မြို့ကို တစ်ပြိုင်နက်တည်း ကျွန်တော်တို့ မီးဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ လိုင်းဗားရေအားလျှပ်စစ်က အသုံးပြုစရာ မလိုတော့မှာ ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီ မီးကို ကျွန်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးတုန်းက တင်ပြခဲ့တဲ့ ခေါ်ပွာယ်ကျေးရွာနားကနေပြီးမှ စီးဆင်းတဲ့ လုံးလွေချောင်းမှာ ရေအားလျှပ်စစ် လည်ပတ်ပြီးမှ အဲဒီမှာ အနီးအနားရွာ (၁၈)ရွာကို မီးဖြန့်ဝေဖို့ တင်ပြခဲ့ဖူးပါတယ်။ အဲဒီနေရာမှာ ပြောင်းရွှေ့ပြီးမှ ဆက်စပ်ပစ္စည်း ဒိုင်နမိုနဲ့တကွ အဲဒီမှာလည်ပတ်စေပြီး မီးဖြန့်ဝေဖို့ အစီအစဉ် ရှိမလားဆိုတဲ့ ကျွန်တော့်မေးခွန်းများ ဖြစ်ပါတယ်။ ဒီ လျှပ်စစ်ဓာတ်အားကို ကျွန်တော်တို့ အဲဒီ ဖြန့်ဖြူးပေးနိုင်လို့ရှိရင် အဲဒီ လိုင်းဗားဆည်မှ ရေကိုလည်းပဲ ဖလမ်းမြို့နဲ့ လုံရန်းကျေးရွာ အိမ်ခြေ(၁၅၀)ခန့်ကို ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။ လုံရန်း အိမ်ခြေ(၁၅၀)ခန့်ကို ခန့်မှန်းထားတာကလည်း ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ် ၂၀၁၃ ခုနှစ်မှာ မိုး တအားရွာတော့ ကျွန်တော်တို့ ဖလမ်းကနေ (၇)မိုင်ဝေးတဲ့ ဇာလိုင်းကျေးရွာ မြေပြိုပြီးမှ အိမ်(၅)လုံးကို

မြေကြီးထဲမှာ ပါသွားပါတယ်။ ဘူမိဗေဒပညာရှင်များ မြေကြီးကို ပြန်လည်စစ်ဆေးတဲ့အခါမှာ ဒီမြေကြီးက မသေမချာ နောင် (၁၀)နှစ်လောက်ဆိုရင် မြေက ဒီရွာတစ်ပြင်လုံး ပြိုကျနိုင်တဲ့အပိုင်းမှာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ရွာတစ်ရွာလုံး၊ ရွာလုံးကျွတ် အိမ်ခြေ(၈၅)လုံးကို ဒီ လုံရန်းရွာနားမှာ ကျွန်တော်တို့ ပြောင်းရွှေ့နေရာ အစိုးရကနေ ရွေးချယ်ထားပေးပါတယ်။ အဲဒီနေရာမှာလည်း ရေ လိုအပ်နေပြီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဲဒီမှာ ရေဖြန့်ဝေဖို့ လိုအပ်ပါတယ်။ တကယ်လို့ အဲဒီမှာ ရေပေးဝေလို့ ပိုလျှံသေးတယ် ဆိုလို့ရှိရင်လည်းပဲ အခု ဖလမ်းမြို့ကို ဆက်လက်ပြီးတော့ ရေပေးဝေဖို့ လိုမှာ ဖြစ်ပါတယ်။

ဖလမ်းမြို့ ဒီနှစ်ထဲမှာ ဧပြီလထဲမှာ မိုးရွာသွန်းမှု နည်းပါးတဲ့အတွက်ကြောင့်၊ မိုးရွာသွန်းမှု နောက်ကျတဲ့အတွက်ကြောင့် စမ်းရေ စိမ့်ရေတွေလည်း အကုန်လုံး ခမ်းကုန်ပါတယ်။ တော်တော်များများ ဒုက္ခ ရေရှားပါးနေမှုကို ခံစားနေကြပါတယ်။ အဲဒါကြောင့် လိုင်းဗားဆည်မှ ရေကိုလည်းပဲ လုံရန်းကျေးရွာနဲ့ ဖလမ်းမြို့တွေကို ဖြန့်ဖြူးပေးဖို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ နောက် လုံးလွေချောင်း ရေအားလျှပ်စစ်နဲ့ ပတ်သက်ပြီး ချင်းပြည်နယ်မှာ ဒီ လုံးလွေချောင်းနားမှာ ဆိုရင်တော့ ရွာကြီး ကျွန်တော်တို့ ချင်းပြည်နယ်မှာတော့ ရွာကြီးလို့ ခေါ်ရမှာပါ။ အိမ်ခြေ(၁၀၀)ကျော် ခေါ်ပွာလ်ဆိုရင် အိမ်ခြေ(၁၅၅) အိမ်ခြေလောက် ရှိပါတယ်။ ဆိုင်းမွန်ဆိုရင် (၁၃၀)၊ ခေါဒါရ်း ဆိုရင်တော့ အိမ်ခြေ(၁၀၀) ဝန်းကျင်ရှိပြီးမှ ဘိုကြုံး ဆိုရင် ကျွန်တော်တို့ အိမ်ခြေ(၆၀)လောက် ရှိပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ မဏိပူရ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ဇောလ်နိုးအုပ်စုရွာ(၅)ခုနဲ့ ကျွန်တော်တို့ ငမွေအုပ်စု ရွာ(၄)ခုကိုလည်း မီးဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဒီ ရေအားလျှပ်စစ်နဲ့ ကျွန်တော်တို့ မီးပေးဝေခြင်း ဆိုရင် ကျွန်တော် အရင်က တင်ပြချင်တာကတော့ တင်ပြနေတာကတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ထမင်းချက်တဲ့နေရာမှာ ထင်းကို ခုတ်ပြီးမှ ထမင်းချက်နေရပါတယ်။ ဆိုတော့ သဘာဝပတ်ဝန်းကျင် ကိုလည်း ထိခိုက်ပါတယ်။ ဂေဟစနစ် ကိုလည်း ပျက်စီးပါတယ်။ ရာသီဥတုလည်း ဖောက်ပြန်စေပါတယ်။

အဲဒါကြောင့် ဒီဟာတွေကို ကာကွယ်နိုင်ဖို့အတွက် ကျွန်တော်တို့ ရေအားလျှပ်စစ်ကို လုပ်ပေးဖို့ ကျွန်တော် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီ လိုင်းဗားဆည်မှ ရေကို လုံရန်းရွာ အိမ်ခြေ(၁၅၀)ခန့်သို့ ရေဖြန့်ဝေပြီး ကျန်ရေကို ဖလမ်းမြို့သို့ ဖြန့်ဝေရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ လိုင်းဗားဆည်မှ လျှပ်စစ်ဓိုင်နမိုနှင့် ဆက်စပ်ပစ္စည်းများအား ဖလမ်းမြို့နယ်၊ ခေါ်ပွာလ်ကျေးရွာရှိ လုံးလွေချောင်း ရေအားလျှပ်စစ် တည်ဆောက်ရာတွင် ပြောင်းရွှေ့အသုံးပြုစေပြီး အနီးအနား (၁၈)ရွာ အိမ်ခြေ(၁၀၀၀)ကျော်အား လျှပ်စစ်မီး ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ ကို ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် တင်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၁))**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီးဖြစ်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း မေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ လက်ရှိအခြေအနေ တွင် လိုင်းဗားဆည် ရေဝင်ရောက်မှု နည်းပါးသဖြင့် လိုင်းဗားရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ကို တစ်နေ့လျှင် ပျမ်းမျှ(၅)နာရီခန့်သာ ဖြန့်ဝေပေးနိုင်သဖြင့် လိုင်းဗားဆည်မှ ရေအား လုံရန်းရွာသစ် အိမ်ခြေ(၁၅၀)ခန့်သို့ ရေပေးဝေရန်နှင့် ဖလမ်းမြို့သို့ ဖြန့်ဝေရန် အစီအစဉ် မရှိပါကြောင်း၊ လိုင်းဗား ရေအားလျှပ်စစ်စက်ရုံ ၃၀၀ ကီလိုဝပ် (၂)လုံးမှ လက်ရှိတွင် ၁၁ ကေဗွီလိုင်း ၂ ဖီဒါဖြင့် ဓာတ်အား ပေးနေပါသည်။ အမှတ်(၁) ဖီဒါ-ဟားခါး ဓာတ်အားလိုင်းတွင် တလန်းဇာရ် ကျေးရွာ၊ ရမ်ထလိုကျေးရွာ၊ ဒေါက်ထက်ကျေးရွာ၊ ချွန်ကျုံးကျေးရွာ၊ ဟားခါးမြို့ပေါ်တို့တွင် လူဦးရေ(၂၀၅၃၂)ဦး၊ အိမ်ခြေ(၃၅၇၃)နှင့် အမှတ်(၂)ဖီဒါ-ထန်တလန် ဓာတ်အားလိုင်းတွင် ဟရိရန်နန်းကျေးရွာ၊ စိကျန်ကျေးရွာ၊ လုံးဇာရ်ကျေးရွာနဲ့ ခွားဖိုကျေးရွာ၊ ထန်တလန်မြို့ပေါ်တို့တွင် လူဦးရေ(၇၆၇၃)ဦး၊ အိမ်ခြေ(၁၃၇၁) စုစုပေါင်းလူဦးရေ (၂၈၂၀၅)ဦး၊ အိမ်ခြေ(၄၉၄၄) တို့ကို ဓာတ်အားပေးနေရပါတယ်။

၂၀၁၄ ခုနှစ်တွင် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းသည် ဟားခါးမြို့သို့ ရောက်ရှိလာပြီး နောက်ပိုင်းတွင် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဓာတ်အားပြတ်တောက်မှု ရှိလာပါက လိုင်းဗား စက်ရုံမှ ဟားခါးမြို့သို့ အရေးပေါ်ဓာတ်အားပေးနိုင်ရန် စီစဉ်ထားရှိသည့်အပြင် ထန်တလန်မြို့အား မဟာဓာတ်အာလိုင်း မရောက်ရှိမီကာလအတွင်း လိုင်းဗားစက်ရုံမှ ဓာတ်အားပေးနေရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဟားခါးမြို့မှ ဖလမ်းမြို့၊ သိုင်းငင်းအထိ ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရန် စီစဉ်ပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ ဖလမ်းမြို့နှင့် သိုင်းငင်း တို့တွင် ၆၆ ကေဗွီ ဓာတ်အားရုံခွဲများ တည်ဆောက်ရန် လျာထားပြီး ဖြစ်ပါတယ်။ ယင်းဓာတ်အားခွဲ ရုံးခွဲများ၏ အနီးအနား ကျေးရွာများသည် ချင်းပြည်နယ်အစိုးရအဖွဲ့၏ လျာထားချက်ဖြင့် မီးလင်းလာမည်ဖြစ်ပါ၍ လိုင်းဗား စက်ရုံမှ လျှပ်စစ်စက်များနှင့် ဆက်စပ်ပစ္စည်းများကို အခြားသို့ ပြောင်းရွှေ့ရန် အစီအစဉ် မရှိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဧကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ-ချင်းငွေးချို ကျေးရွာချင်းဆက် ကျေးလက်လမ်းမကြီးကို ရာသီမရွေးသွားလာ၍ ရနိုင်မည့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်းကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဧကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ-ချင်းငွေးချို ကျေးရွာချင်းဆက် ကျေးလက်လမ်းမကြီးကို ရာသီမရွေးသွားလာ၍ ရနိုင်မည့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ-ချင်းငွေးချို ကျေးရွာချင်းဆက် လမ်းမကြီးကို တည်ဆောက်ပြုပြင်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဆင်ပေါင်ဝဲမြို့က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှာ ကပ်လျက်တည်ရှိပြီး (၉၀)ရာခိုင်နှုန်းရှိသော ကျေးရွာအုပ်စုများဟာ ဧရာဝတီမြစ်နဲ့ အောင်လံ-တောင်တွင်းကြီး ကားလမ်းအကြား၊ တစ်ဖန် ကားလမ်းရဲ့ အရှေ့ဘက်တွေမှာသာ တည်ရှိနေကြပါတယ်။ ဒါကြောင့် မြို့နဲ့ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှသည် ယနေ့အထိ လှည်းလမ်းကိုပဲ အားကိုးနေရပါတယ်။

အထူးသဖြင့် အောင်လံ-တောင်တွင်းကြီး ကားလမ်း အရှေ့ဘက်က ရိုးမတောင်ခြေအထိ လမ်းပန်းဆက်သွယ်ရေး ပိုမိုခက်ခဲပါတယ်။ (၁၂)ရာသီ သွားလို့ရအောင် မော်တော်ယာဉ်လမ်းများ တည်ဆောက်ပေးဖို့ အချိန်တန်နေပါပြီ။ ဆင်ပေါင်ဝဲမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ယနေ့တိုင်အောင် ညံ့ဖျင်းနေမှုကြောင့် ဒေသဖွံ့ဖြိုးရေး ခေတ်နောက်အကျဆုံး ဖြစ်နေတာကို လေ့လာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ မြို့ကလည်း ချောင်ကျတဲ့အတွက် ရောက်ဖူးသူပင် အလွန်နည်းပါးပါလိမ့်မယ်။ ကျွန်တော်တို့အနေဖြင့် ဒေသဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး အောင်လံ-တောင်တွင်း-မကွေး ကားလမ်း အရှေ့ဘက်ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးလက်လူမှုစီးပွားဘဝတွေ တိုးတက်လာအောင် စတင်ဆောင်ရွက်နေပါပြီ။ ဘူဒိုဇာမြေထိုးစက် ငှားရမ်းပြီး ဧကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ-ချင်းငွေးချို ကျေးရွာအထိ မြေသားလမ်းကြမ်းကို ကိုယ့်အားကိုယ်ကိုးနဲ့ ဖောက်လုပ်

ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရာသီမရွေး အခက်အခဲမရှိ သွားလာနိုင်ရေးအတွက် ကျောက်ချောလမ်းအဖြစ် ရောက်ရှိလာအောင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ယူပြီး ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လမ်းအရှည်ကလည်း (၁၅)မိုင်ခန့် ရှိနေတဲ့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ နှစ်အလိုက် စီမံချက်ချ၍ ကူညီပံ့ပိုးပေးမှသာလျှင် ဆင်ပေါင်ဝဲမြို့နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်းကျေးလက်ပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဇကရာဇ် - ကျောင်းကုန်း - မောက်တင် - လေးဒူးကွဲ - ချင်းငွေးချို ကျေးရွာချင်းဆက် ကျေးလက်လမ်းမကြီးကို ရာသီမရွေးသွားလာ၍ ရနိုင်မည့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ၊ (ခ) အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မကွေးတိုင်းအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်း ကျေးလက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဇကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ-ချင်းငွေးချို ကျေးရွာချင်းဆက်လမ်း (၁၅)မိုင်ကို ရာသီမရွေးသွားလာပြီးတော့ ရရှိနိုင်မယ့် ကျေးလက်လမ်းအဖြစ် ဆောင်ရွက်ပေးသွားရန်အတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားခဲ့ခြင်း မရှိတဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရန်ပုံငွေ ရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အရေးယူပေးနိုင်ပါရန် တင်ပြအကူအညီ တောင်းခံခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အရေးယူပေးနိုင်ပါရန် တင်ပြအကူအညီ တောင်းခံခြင်းကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမိုးမြင့် ဖြစ်ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိနိုင်ပါရန်နှင့် မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အရေးယူပေးနိုင်ပါရန် တင်ပြအကူအညီ တောင်းခံခြင်းကိစ္စကို မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်မှ မမေမြတ်ဖြိုး (၉/မခန(နိုင်)၂၁၂၄၇၈၂) ညီမဖြစ်သူ မလွင်ထားဦး အသက်(၉)နှစ်တို့မှ ၁၄-၃-၂၀၁၄ ရက်စွဲပါစာဖြင့် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ တင်ပြအကူအညီ တောင်းခံခဲ့ပါတယ်။

ကျွန်တော်တို့ ကော်မတီအနေဖြင့်လည်း တင်ပြစာကို စိစစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀-၅-၂၀၁၄ ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့ခဲ့ပြီးလည်း ဖြစ်ပါတယ်။ တင်ပြစာ အကြောင်းအရာ အကျဉ်းချုပ်မှာ ၁၁-၁၁-၂၀၁၃ ရက်နေ့ နံနက် ၅ နာရီ ၃၀ အချိန်တွင် တင်ပြသူတို့ရဲ့ မိခင်ဖြစ်သူ ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည် ဟာ နေအိမ်မှ ဈေးသို့ ဆိုင်ကယ်ဖြင့် အသွား မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်း ပြန်ကြားရေးလမ်းဆုံအရောက်မှာ မိတ္ထီလာမြို့နေ မောင်ကျော်ဇင်ထွန်း မောင်းနှင်လာသော လိုင်စင်မဲ့ဆိုင်ကယ်က ဝင်ရောက်တိုက်ခိုက်ခြင်းခံရ၍ မြင်းခြံမြို့ ပြည်သူ့ဆေးရုံအရောက်တွင် မိခင်ဖြစ်သူ သေဆုံးသွားရပါကြောင်း၊ အဆိုပါအမှုကို မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်(ခ)ဦးအောင်ကျော်မြင့် က တင်ပြသူ သမီးအရင်းကို အသိပေးခြင်း မရှိဘဲ တစ်ဖက်ပါ ပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်း၍ အမှုကို ကျေအေးပေးခဲ့ကြောင်းကို ပတ်ဝန်းကျင်မှ ပြောပြမှုအရ သိရှိရပါကြောင်း၊ ထို့ကြောင့် ၂၆-၁၂-၂၀၁၃ ရက်နေ့တွင် တင်ပြသူ မမေမြတ်ဖြိုး သည် အမျိုးသမီး မိတ်ဆွေတစ်ဦးကို ခေါ်၍ မြင်းခြံမြို့၊ မြို့မရဲစခန်းသို့ သွားရောက်ပြီး အမှုစစ်ရဲအရာရှိ ဒု-ရဲအုပ် သက်ချိုဦး နှင့် တွေ့ဆုံကာ မိခင်သေဆုံးခြင်းကိစ္စကို ကျေနပ်မှုမရှိ၍ တရားလိုပြုလုပ်၍ အမှုဖွင့် တိုင်ကြားလိုကြောင်း ပြောဆိုခဲ့ပါကြောင်း၊ ဒု-ရဲအုပ် သက်ချိုဦး မှ ယာဉ်တိုက်မှုတွင် ၎င်းကိုယ်တိုင် တရားလိုဖြင့် ဆောင်ရွက်နေခြင်းကြောင့် နောက်ထပ် အမှုဖွင့်လို့မရကြောင်း ပြောဆိုပြီး သမီးအရင်းဖြစ်သူဖြစ်၍

ဆိုင်ကယ်ကို အပ်နှံရန်ပြောသဖြင့် မမေမြတ်ဖြိုး မှ လတ်မှတ်ရေးထိုး၍ ဆိုင်ကယ်ကို အပ်နှံခဲ့ရပါကြောင်း၊ သမီးအရင်းဖြစ်သူ (၂) ဦးကို အသိပေးခြင်း၊ တင်ပြခြင်း သဘောဆန္ဒ ခံယူခြင်းမရှိဘဲ ရဲစခန်းမှ အမှုအား ကျေအေးခြင်း ပြုလုပ်ခဲ့၍ ၎င်းတို့အနေဖြင့် များစွာနစ်နာနေပါသောကြောင့် မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ထံ တိုင်ကြားပြီး မြင်းခြံမြို့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRGP) သို့လည်း အကူအညီများ တောင်းခံခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် တင်ပြသူတို့ရဲ့ မိခင်အား ဆိုင်ကယ်ဖြင့်တိုက်သူ မိတ္ထီလာမြို့နေ မောင်ကျော်ဇင်ထွန်း အား ရဲမှ ဖမ်းဆီး၍ မြင်းခြံအချုပ်ထောင်သို့ ပေးပို့ထားသည်ကို သိရှိရပါကြောင်း၊ သို့ပါ၍ သားသမီးအရင်းဖြစ်သူနှင့် မိခင်သေဆုံးသည့်ကိစ္စတွင် ပွင့်လင်းမြင်သာစွာ အသိပေးခြင်းမရှိဘဲ၊ သဘောဆန္ဒခံယူခြင်းမရှိဘဲ အမှုကို ကျေအေးပေးခဲ့သည့် အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အရေးယူပေးပါရန်နှင့် ၎င်းတို့၏မိခင် သေဆုံးမှုနှင့် ပတ်သက်၍ အမှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သမီးရင်းဖြစ်သူတို့အနေဖြင့် သိရှိလိုပါ၍ အကူအညီ တောင်းခံတင်ပြလာခြင်း ဖြစ်ပါတယ်။

အမှုနှင့်ပတ်သက်၍ ကော်မတီအနေဖြင့် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်။ တိုင်ကြားသူ တို့ရဲ့မိခင် ဒေါ်အုန်းကြည် နှင့် မောင်ကျော်ဇင်ထွန်း တို့ ဆိုင်ကယ်ချင်းတိုက်မိ၍ ဒေါ်အုန်းကြည် မှာ သေဆုံးသွားပြီး မြင်းခြံမြို့၊ မြို့မရဲတပ်ဖွဲ့စခန်းမှ တရားလိုပြုလုပ်၍ အမှုဖွင့် ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တိုင်ကြားသူတို့ရဲ့မိခင် ဒေါ်အုန်းကြည် သေဆုံးမှုနှင့် ပတ်သက်၍ မြို့မရဲစခန်းမှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိခွင့်မရ၍ တိုင်ကြားလာခြင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ကလည်း သမီးဖြစ်သူ၊ နစ်နာသူများအား အသိမပေးဘဲ အမှုကြေအေးပေးခဲ့ကြောင်းကို တင်ပြပါစာအရ တွေ့ရှိရပါတယ်။

မောင်ကျော်ဇင်ထွန်း အနေဖြင့် လိုင်စင်မဲ့ဆိုင်ကယ်ကို မောင်းနှင်ပြီး ယာဉ်တိုက်မှုဖြစ်၍ လူကို သေစေခဲ့သောကြောင့် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ အရလည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄- (က) အရလည်းကောင်း အရေးယူခံရမည်ဖြစ်ပြီး အဆိုပါပြစ်မှုများသည် ကြေအေးခွင့် မရသော၊ ကြေအေးခွင့် မရှိသော ပြစ်မှုများဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။ မိခင် သေဆုံးခြင်းနဲ့ ပတ်သက်၍ ယာဉ်တိုက်မှုဖြစ်ပွားသူ မောင်ကျော်ဇင်ထွန်း ကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားကြောင်း မြင်းခြံမြို့မ ရဲတပ်ဖွဲ့ စခန်းမှူးအနေဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကိုလည်း စိစစ်တွေ့ရှိ ရပါတယ်။ မြင်းခြံမြို့၊ မြို့မရဲတပ်ဖွဲ့စခန်းနှင့် မြင်းခြံမြို့နယ်ဥပဒေရုံး၊ တရားရုံးတို့၏ ဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိ စိစစ်ရန် လိုအပ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

သို့ပါ၍ ကာယကံရှင်ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

တိုင်ကြားစာပါ ဆိုင်ကယ် တိုက်ခံရ၍ သေဆုံးမှုနှင့် ပတ်သက်၍ အမှုအား မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့စခန်း၊ မြို့နယ်ဥပဒေရုံး၊ တရားရုံးတို့၏ ဆောင်ရွက်ခြင်းများသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိ။ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း ရှိ/မရှိ။ (ခ) အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်(ခ)ဦးအောင်ကျော်မြင့် သည် သေဆုံးသူတို့၏ သမီးများကို အသိမပေးဘဲ အမှုကြေအေးခဲ့ ခြင်းသည် ဥပဒေနဲ့ ညီ/မညီ။ လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခဲ့ပါက အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး အား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်။ (ဂ) လိုင်စင်မဲ့ဆိုင်ကယ် စီးနင်းပြီး လူသေမှု ဖြစ်ပွား

စေသော မောင်ကျော်ဇင်ထွန်း အား မည်ကဲ့သို့ အရေးယူထားသည်၊ လိုင်စင်မဲ့ဆိုင်ကယ်အား မည်ကဲ့သို့ ဆောင်ရွက်ထားသည်၊ သေဆုံးသူ ဒေါ်အုန်းကြည် ၏ ဆိုင်ကယ်ကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီနဲ့ ပတ်သက်ပြီး ညွှန်ကြားဖို့ ရှိပါတယ်။ တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီးတော့ ကော်မတီက လေ့လာသုံးသပ်ပြီးတဲ့အခါမှာ အရေးကြီး ဆောင်ရွက်သင့်တဲ့ကိစ္စဆိုရင် အရေးကြီး၊ အလျင်အမြန် ဆောင်ရွက်သင့်တဲ့ကိစ္စဆိုရင် အလျင်အမြန် ဆိုပြီးတော့ ဥက္ကဋ္ဌဆီ တင်ကတည်းက ဒီလိုတပ်ပြီးတော့ ပို့ပါမယ် ဆိုပြီးတော့ ဆောင်ရွက်ပါ။ ချက်ချင်း ဆောင်ရွက်စေလိုချင်တဲ့ကိစ္စဆိုရင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပဲ မေးခွန်းအနေနဲ့ မေးပါ။ ပို့တာ လည်း ပို့မယ်။ မေးခွန်းအနေနဲ့လည်း မေးမယ်။ အဲဒီမေးခွန်းမှာလည်း အရေးကြီးတယ်ဆိုရင် အရေးကြီး သလို ဦးစားပေး တင်ပေးပါမယ်။ မှတ်သားဆောင်ရွက်ဖို့။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီ အဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမှုဖြစ်စဉ်ကတော့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ဝ၆း၃၀ နာရီအချိန်မှာ ကျွန်တော်တို့ မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအတိုင်း တောင်မှ မြောက်သို့ ထွန်းထွန်းအောင် (၂၁)နှစ်၊ (အဘ) ဦးညီညီ အလုပ်မီနီယံလုပ်ငန်း အလုပ်သမား ရတနာမာန်အောင်ရပ်ကွက်၊ ရမည်းသင်းမြို့နေသူ မောင်းနှင်တဲ့ ဆိုင်ကယ်နဲ့ အမှတ်(၆)ရပ်ကွက်၊ လမ်းမတော်လမ်းသွယ်မှ ဗိုလ်ချုပ်လမ်းမပေါ်သို့ တက်လာတဲ့ ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည် (၅၀)နှစ်၊ အဘ ဦးသာရွှေ၊ မှီခို၊ အမှတ်(၆)ရပ်ကွက် မြင်းခြံမြို့နေသူ မောင်းနှင်လာတဲ့ ဆိုင်ကယ်တို့ဟာ ဗိုလ်ချုပ်လမ်းမပေါ်မှာ တိုက်မိတဲ့အတွက် ဒဏ်ရာ အသီးသီး ရရှိခဲ့ပြီး ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည် ကို မြင်းခြံပြည်သူ့ဆေးရုံကို ပို့သကုသစဉ်မှာ သေဆုံး သွားခဲ့ပါတယ်။

ယာဉ် မဆင်မခြင် မောင်းနှင်သူ ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည် နဲ့ ထွန်းထွန်းအောင် တို့ကို ဥပဒေအရ အရေးယူရန်အတွက် ထိုနေ့မှာပဲ ဒု-ရဲအုပ် သက်ချိုဦး မှ တရားလိုပြုလုပ် တိုင်ကြားချက်အရ

မြင်းခြံမြို့မရဲစခန်းမှ ယာဥ်(ပ)၂၈/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၇ ပေါ့လျော့မှုဖြင့် လူသေစေမှု၊ သာမန်ဒဏ်ရာ ရရှိစေမှုအရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

တရားခံ ထွန်းထွန်းအောင် ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ - က/၃၃၇ အရလည်းကောင်း၊ လိုင်စင်မရှိဘဲ နံပါတ်အတု ပြုလုပ်သုံးစွဲသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ လိမ်လည်အတု ပြုလုပ်မှုဖြင့် လည်းကောင်း၊ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထား သုံးစွဲသဖြင့် ပို့ကုန်သွင်းကုန် ဥပဒေ ပုဒ်မ ၈၊ အကောက်ခွန်မဲ့၊ လိုင်စင်မဲ့ဆိုင်ကယ်အား လက်ဝယ်ထားရှိမှုအရလည်းကောင်း သီးခြားတရားစွဲ တင်သင့်ကြောင်း မြင်းခြံမြို့နယ်ဥပဒေရုံးမှ အကြံပြုချက်အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ယာဥ်(ပ)၂၈/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၇ အမှုကို စွဲချက်အမှတ်၊ ၄၆/၂၀၁၄ ဖြင့် လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ မြို့မရဲစခန်းမှ (ပ)၅၇/၂၀၁၄ ဖြင့် ထပ်မံရေးဖွင့်ပြီး စွဲချက်အမှတ်၊ ၄၈/၂၀၁၄ ဖြင့်လည်းကောင်း၊ လိုင်စင်မဲ့ဆိုင်ကယ်အား ရဲစခန်းရဲ့ (ပ)၅၆/၂၀၁၄ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အရ ထပ်မံရေးဖွင့်ပြီး စွဲချက်အမှတ်၊ ၄၇/၂၀၁၄ ဖြင့် လည်းကောင်း အသီးသီး တရားစွဲဆို တင်ပို့ခဲ့ပါတယ်။

မြင်းခြံမြို့နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အမှုကို ပြစ်မှုကြီးအမှတ်၊ ၂၄၂/၂၀၁၄ ဖြင့်လည်းကောင်း၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အမှုကို ပြစ်မှုကြီးအမှတ်၊ ၂၄၃/၂၀၁၄ ဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၇ အမှုကို ပြစ်မှုကြီးအမှတ်၊ ၂၄၄/၂၀၁၄ ဖြင့် လည်းကောင်း အမှုများ သီးခြားဖွင့်လှစ်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ တရားစွဲဆို စစ်ဆေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြင်းခြံမြို့နယ်တရားရုံးမှ တရားခံ ထွန်းထွန်းအောင် ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ ပြစ်မှုကြီးအမှတ်၊ ၂၄၃/၂၀၁၄ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အရ အလုပ်နှင့် ထောင်ဒဏ်တစ်လ ကျခံစေရန်နှင့် ငွေဒဏ်ကျပ်နှစ်သောင်း ပေးဆောင်စေရန်၊ ဒဏ်ငွေ မဆောင်နိုင်က နောက်ထပ် ထောင်ဒဏ်ခြောက်လ ကျခံစေရန်၊ လိုင်စင်အခွန် အကောက်ခွန်မဲ့ ဆိုင်ကယ် အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အတွက် လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှာ ပြစ်မှုကြီးအမှတ်၊ ၂၄၂/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ အလုပ်နှင့်ထောင်ဒဏ် ခြောက်လ ကျခံ စေရန် လည်းကောင်း ပြစ်ဒဏ် ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၇ အမှုနှင့်စပ်လျဥ်း၍ တရားရုံးမှ တရားခံ ထွန်းထွန်းအောင် ကို အချုပ်နှင့် ဆက်လက်စစ်ဆေးလျက် ရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄-က/၃၃၇ အမှုနှင့်စပ်လျဥ်း၍ တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးလျက်ရှိရာ သေဆုံးသူ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည် ရဲ့ အစ်ကိုအရင်း ဖြစ်သူ မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့် ရဲ့ ထွက်ဆိုချက်အရ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည် သည် ခင်ပွန်းဖြစ်သူနှင့် တရားဝင်ကွာရှင်းပြီးနောက် ၎င်း၏အုပ်ထိန်းမှုအောက်မှာ နေထိုင်သူဖြစ်ကြောင်း၊ အမှုကြေအေးပေးခဲ့ခြင်းမှာလည်း မမေမြတ်ဖြိုး သည် လွန်ခဲ့သော (၄)နှစ်ခန့် မှစ၍ မိခင်ဖြစ်သူ သဘောမတူတဲ့ယောက်ျားနဲ့ လက်ထပ်ခဲ့တဲ့အတွက် မိခင်ဖြစ်သူ ဒေါ်ပြုံး နဲ့ ပတ်သက် ဆက်ဆံမှု မရှိတော့တဲ့အပြင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ၎င်းရဲ့ညီမဖြစ်သူ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည် နဲ့ ခင်ပွန်း ဦးဝင်းအောင်မြင့် တို့ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲခြင်း၊ ကတိစာချုပ် ချုပ်ဆိုကွာရှင်းခဲ့ရာမှာ ဖခင်ဖြစ်သူက သမီးနှစ်ဦးအတွက် အစစအရာရာ

တာဝန်ယူထိန်းသိမ်း ပြုစုစောင့်ရှောက်သွားပါမည်ဟု ကတိပြုခဲ့တဲ့အတွက်ကြောင့် လည်းကောင်း၊ သမီးများက ဖခင်ဖြစ်သူနဲ့လိုက်ပါသွားပြီး မိခင်ထံ အဝင်/အထွက် မရှိခဲ့ကြောင်းနှင့် တရားခံ ထွန်းထွန်းအောင် ဘက်မှ လူမှုရေးကိစ္စအဝဝကို ကူညီပေးခဲ့တဲ့အတွက် ဦးကျော်မြင့် က သေဆုံးသူရဲ့ အစ်ကိုအရင်း နစ်နာသူအဖြစ်အမှုကို ရုပ်သိမ်းခွင့်ပြုပါရန် တရားရုံးသို့ တင်ပြခဲ့ကြောင်း၊ ဦးကျော်မြင့် ရဲ့ ထွက်ဆိုချက်အရ ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည် မှာ သမီးများရှိကြောင်း ပေါ်ပေါက်တဲ့အတွက် မြင်းခြံမြို့နယ် ဥပဒေရုံးက အမှုရုပ်သိမ်းရန် လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ အမှုကို ဆက်လက် စစ်ဆေးလျက်ရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီသို့ တင်ပြ တောင်းခံလာသော စာပါ ဖော်ပြချက်အရ အမှုမှ တရားခံသည် မောင်ကျော်ဇင်ထွန်း ဟု ဖော်ပြထားခဲ့ ပေမယ့်လည်း မြင်းခြံမြို့နယ်တရားရုံးမှာ တရားခံအဖြစ် တရားစွဲဆိုခံသူကတော့ ထွန်းထွန်းအောင် ဖြစ်နေတဲ့အတွက် တွေ့ရတဲ့အပြင် တင်ပြစာနဲ့ တရားရုံးမှာရှိတဲ့ တရားခံအမည် ကွဲလွဲလျက်ရှိနေပါတယ်။ ဒါ့အပြင် မြင်းခြံမြို့မ ရဲစခန်း က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ အမှုဖွင့်လှစ်ပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ မြို့နယ်တရားရုံးကို တရားစွဲဆို တင်ပို့ခဲ့ပါတယ်။ မမေမြတ်ဖြိုး က ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ အမှုစစ်အရာရှိနဲ့ တွေ့ဆုံစဉ် အမှုစစ်အရာရှိက မှုခင်းအခြေအနေ၊ စစ်ဆေးမှုအခြေအနေများကို ရှင်းလင်းပြောကြားတဲ့အတွက် ယင်းကိုယ်တိုင် အမှုဖြစ် ဆိုင်ကယ်ကို လက်မှတ် ရေးထိုးအပ်နှံခဲ့ပါတယ်။

ယင်းရဲ့တင်ပြစာကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ရက်စွဲဖြင့် အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာ ကော်မတီသို့ တင်ပြခဲ့ခြင်းဖြစ်ရာ မြို့မရဲစခန်းက အမှုကို မြို့နယ်တရားရုံးသို့ တရားစွဲဆို တင်ပို့ပြီးနောက်မှသာ ယင်းရဲ့ တင်ပြစာကို ပေးပို့ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်ပါ စိစစ်တွေ့ရှိချက်များအရ မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုနဲ့ စပ်လျဉ်း၍ မြင်းခြံမြို့နယ် မြို့မရဲစခန်း၊ မြင်းခြံမြို့နယ်တရားရုံးနဲ့ မြင်းခြံမြို့နယ် ဥပဒေရုံး တို့က ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

မြင်းခြံမြို့နယ် တရားရုံးက ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ အများပြည်သူရှေ့ စစ်ဆေး ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ ပွင့်လင်းမြင်သာစွာ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ သေဆုံးသူ ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည် ရဲ့ ဆိုင်ကယ်ကို အမှုမှ သက်သေခံအဖြစ် သိမ်းဆည်း တင်ပြထားခြင်းဖြစ်လို့ ဆိုင်ကယ်ပေးအပ်သူအား အမှုအတွင်း အာမခံဖြင့် ပြန်လည်လျှောက်ထား ရယူနိုင်ပါတယ်။ ဒါ့အပြင် တရားခံအပေါ် မြင်းခြံမြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှတ်၊ ၂၄၃/၂၀၁၄ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ နဲ့ ပြစ်မှုကြီးအမှတ်၊ ၂၄၂/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ တို့အရ ပြစ်ဒဏ်များ အသီးအသီးချမှတ်ပြီး ဖြစ်ပါကြောင်းနဲ့ ဦးကျော်မြင့် အနေဖြင့် အမှုကို ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားမှုသည် သေဆုံးသူ၏ အစ်ကိုအရင်း နစ်နာသူအဖြစ် ဆောင်ရွက်ခြင်းဖြစ်ရာ မရိုးဖြောင့် သော သဘောဖြင့် ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိပါ၍ ၎င်းအပေါ် တစ်စုံတစ်ရာ အရေးယူ ဆောင်ရွက်ရန် အကြောင်းမပေါ်ပေါက်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းတပ်-ပခုက္ကူ ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ စမ်းရေခုံတံတား ဆောက်လုပ်ပေးရန်နှင့် နလံတက်တံတားနှင့် မစမ်းချောင်းတံတားကြားရှိ အလယ်ချောင်းတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ က မင်းတပ်-ပခုက္ကူ ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ စမ်းရေခုံတံတား ဆောက်လုပ်ပေးရန်နှင့် နလံတက်တံတားနှင့် မစမ်းချောင်းတံတားကြားရှိ အလယ်ချောင်းတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ တံတားနှစ်စင်းကိစ္စပဲ ဖြစ်ပါတယ်။ ယင်းတံတားနှစ်စင်းကတော့ (က) ကျောက်ထုမြို့နဲ့ ပေါက်မြို့ကြားမှာ ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ စမ်းရေခုံတံတားနဲ့ (ခ) ယင်းလမ်းမကြီးပေါ်ရှိ နွားလန်တက်နှင့် မစမ်းချောင်းကြားရှိ အလယ်ချောင်းတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

မင်းတပ်မြို့မှ ကျောက်ထုမြို့ကို ဖြတ်၍ ပေါက်မြို့၊ ယင်းမြို့မှ ပခုက္ကူမြို့ကို သွားသည့် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ကျောက်ထုမြို့မှ ပေါက်မြို့မရောက်မီ ပလောင်းရွာအဝင် စမ်းရေခုံ ချောင်းသည် နှစ်စဉ် မိုးတွင်း၌ ကားကြီး၊ ကားငယ် ခက်ခဲစွာ သွားလာနေရပါသဖြင့် ချောင်းကူးတံတား ထိုးရန် အလိုအပ်ဆုံးနေရာ ဖြစ်ပါတယ်။ မိုးတွင်းမှာ နှစ်စဉ် ရွာလူထုကို စည်းရုံးပြီး ကားများကို ဆွဲပြီး ကူးနေရတဲ့ ချောင်းလည်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ယင်း စမ်းရေခုံချောင်းကူးတံတားဟာ မကွေးတိုင်းဒေသကြီးရဲ့ ဆောက်လုပ်ရေးရန်ပုံငွေနဲ့ တံတားထိုးရန် ဘတ်ဂျက်တွင် ပါလာတဲ့ တံတား ဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ မည်သို့မျှ လုပ်ငန်း စတင်ဆောင်ရွက်ရန် ပြင်ဆင်မှု မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ရှင်းလင်းစွာ သိရှိလိုပါတယ်ခင်ဗျား။

အစီအစဉ် ရှိလျှင်လည်း ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေဖြင့်လည်းကောင်း သို့မဟုတ်ပါက ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ အမှန်တကယ် သွယ်တန်းရန် ကျန်ရှိနေတဲ့ တံတားဖြစ်၍ ယောဒေသနဲ့ ချင်းပြည်နယ်(တောင်ပိုင်း) မြို့နယ်များရဲ့ နွေ၊ မိုး၊ ဆောင်း အားထားရတဲ့ လမ်းမကြီးဖြစ်လို့ အမြန်ဆုံး ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ရန် ပြည်သူများ လိုလားတောင့်တလျက်ရှိနေပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တံတားတစ်ခုကတော့ ကျောက်ထုကနေ ပေါက်မြို့အကြား ပလောင်းရွာ မရောက်မီ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ချပေးတဲ့ နွားလန်တက်ချောင်း၊ ယခု တံတား ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။ မစမ်းချောင်းတံတားလည်း ဆောက်လုပ်နေပြီဖြစ်ပါတယ်။ ယခုဆိုရင် တံတားနှစ်စင်းစလုံး ဟာ RC တံတား ထိုးပြီးဖြစ်တဲ့အတွက်ကြောင့် ဒေသခံတိုင်းရင်းသားများ လွန်စွာမှ ဝမ်းသာပီတိ ဖြစ်နေ

ကြပါတယ်။ ၂၀၁၂ ခုနှစ်က ကျွန်တော် မေးမြန်းခဲ့တဲ့ စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်တော် မေးမြန်းခဲ့တဲ့ မေးခွန်း ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ နွားလန်တက်တံတားကို RC တံတားအဖြစ်လည်းကောင်း၊ ကွန်ဖို တံတားကို သံဘေလီတံတားအဖြစ်လည်းကောင်း၊ ကမ်းကပ်ခုံ ကျောက်စီနံရံများ အဖြစ်လည်းကောင်း ဆောက်လုပ် ပေးပြီးဖြစ်တဲ့အတွက်ကြောင့် အလွန်မှဝမ်းသာပီတိဖြစ်ရပါတယ် ခင်ဗျား။ ဒီတံတားတွေဟာ ကျွန်တော်တို့ ယောဒေသနဲ့ ချင်းပြည်နယ်တောင်ပိုင်း မြို့နယ်(၅)မြို့နယ်နဲ့ မြို့နယ်ခွဲ(၂)မြို့နယ်၊ လူဦးရေ (၂)သိန်းကျော်၊ (၃)သိန်းနီးပါး နွေ၊ မိုး၊ ဆောင်း သွားလာနေရတဲ့ ကားလမ်းကြီး ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဆက်လက်ထိုးမယ့် ဒီတံတား(၂)စင်းပဲ ကျန်ပါတော့တယ်။ ယင်း တံတား(၂)စင်း ဆောက်လုပ်တဲ့ ချောင်း(၂)ခုကြားမှာ ယင်းချောင်းကိုပင် ပြန်ဆန်တက်ပြီး သွားရတဲ့ အလယ်ချောင်းသည်လည်း မိုးတွင်းမှာ မစမ်းချောင်း ထက် များစွာသွားလာရေး ခက်ခဲတဲ့ချောင်း ဖြစ်ပါတယ်။ ယခု ယာယီအားဖြင့် ယင်းချောင်းကို ဆန်တက်မသွားဘဲ နွေရာသီတွင် သွားလာရေး လွယ်ကူရန် စက်ကြီးများနဲ့ ယင်းချောင်းကို အဖြောင့်တည့်တည့် မြေသားဖို့ပြီး ယာယီသွားလာနေကြ ပါတယ်။ ယခု ယာယီမြေသားဖို့တဲ့ ချောင်းတည့်တည့် အဖြောင့်တံတား ထိုးပေးမယ်ဆိုရင် ကုန်ကျစရိတ် များစွာသက်သာပြီး အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် ကျွန်တော် တင်ပြခဲ့တဲ့ မင်းတပ်-ပခုက္ကူ ပြည်ထောင်စု ကားလမ်းမကြီးပေါ်ရှိ အခက်ခဲဆုံး တံတားထိုးရာမှာ ကျွန်တော်တင်ပြခဲ့တဲ့ စမ်းရေခုံ နဲ့ အလယ်ချောင်း တံတားထိုးရန်သာ ကျန်ပါတော့တယ်။ ဒါကြောင့် (က) မင်းတပ်-ပခုက္ကူ ပြည်ထောင်စုကားမလမ်းကြီး ပေါ်ရှိ စမ်းရေခုံချောင်း၊ RC တံတား ဆောက်လုပ်ပေးနိုင်ပါရန် နှင့် (ခ) နွားလန်တက်တံတားနှင့် မစမ်းချောင်းတံတားရှိ အလယ်ချောင်း RC သို့မဟုတ် သံဘေလီတံတား ဆောက်လုပ်ပေးနိုင်ရန်တို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့မှ ကျောက်ထု-ပေါက်-ပခုက္ကူ ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ အထက်ပါ တံတား(၂)စင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ပါရန် ယောဒေသနဲ့ ချင်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၉။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဟာရှိန်းဘွေ မှ မေးမြန်းထားတဲ့ မင်းတပ်-ပခုက္ကူ ပြည်ထောင်စုကားလမ်းမကြီးပေါ်မှာရှိတဲ့ စမ်းရေခုံ တံတားနဲ့ အလယ်ချောင်းတံတား(၂)စင်း တည်ဆောက်ပေးနိုင်ရန်ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်များကို ပိုမိုရှင်းလင်း မြင်သာစေရန်အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ယောဒေသနှင့် ချင်းပြည်နယ်(တောင်ပိုင်း)မြို့နယ် များကို ဆက်သွယ်ထားတဲ့ ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း ဒီအပိုင်းဖြစ်ပါတယ်။ ဒီ အပိုင်းဟာ ကျွန်တော်တို့ ဒီတံတားတွေဟာ ပေါက်မြို့နယ်အတွင်းမှာရှိတဲ့ တံတားတွေ ဖြစ်ပါတယ်။ တံတားတွေရဲ့ လမ်းကြောင်းပြ မြေပုံဖြစ်ပါတယ်။ ဒါ ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျွန်တော်တို့ ဒီ နွားလန်တက်တံတားနှင့် မစမ်းချောင်းတံတားဆိုတာ ဒီနှစ်ခု ဖြစ်ပါတယ်။ ဒီနှစ်ခုရဲ့အလယ်မှာရှိတဲ့ အလယ်ချောင်းတံတားကို တည်ဆောက်ပေးဖို့ တင်ပြသွားတာဖြစ်ပါတယ်။ ဒီအပြင် ဒီထိပ်မှာရှိနေတဲ့ စမ်းရေခုံတံတား ကိုလည်း ဒါ ဆောက်လုပ်ပေးဖို့ တင်ပြသွားတာ ဖြစ်ပါတယ်။ သို့မှသာလျှင် ဒီလမ်းကြီး ဟာ ရာသီမရွေး သွားလာနိုင်တဲ့လမ်းဖြစ်မှာကို ရည်ရွယ်ပြီးတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ တင်ပြသွားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီ အလယ်ချောင်းတံတားနဲ့ စမ်းရေခုံတံတားကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့က ဒီတံတားကို တည်ဆောက်တဲ့အခါမှာ ဒီတံတားတွေရဲ့ မိုးရာသီမှာ ဖြစ်ပေါ်နေတဲ့အခြေအနေများကို တင်ပြရမယ်ဆိုရင် ဒါ ကျွန်တော်တို့ ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်မှာရှိတဲ့ အလယ်ချောင်းတံတား မိုင်တိုင် ၅၄ နဲ့ ၅၅ မှာရှိတဲ့ ဒီတံတားဆောက်မယ့်၊ အရှည်(၁၂၀) ဆောက်ရမယ့် တံတားရဲ့နေရာမှာ မိုးတွင်းကာလမှာ ဒါ ချောင်းတွင်း ကို ဖြတ်သန်းသွားလာနေရတဲ့ အခြေအနေကို တင်ပြတာဖြစ်ပါတယ်။ နောက်တစ်ခါ ဆက်လက်ပြီးတော့ ကျွန်တော်တို့ စမ်းရေခုံတံတားနဲ့ ပတ်သက်လို့လည်း ဒါ မိုးတွင်းကာလမှာ ချောင်းတွင်းကို ဖြတ်သန်း သွားတဲ့အခါမှာ ခဲရာခဲဆစ် ဖြတ်သန်းသွားလာနေရတယ် ဆိုတဲ့ ပုံစံတွေကို ကျွန်တော်တို့ ရှင်းလင်း တင်ပြထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၄-၁၅ ဘဏ္ဍာရေး နှစ်မှာ မကွေးတိုင်းဒေသကြီးရဲ့ ရန်ပုံငွေမှာ ဒီ ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ် လမ်းပေါ်မှာ ရှိတဲ့ တံတားနှစ်စင်းဖြစ်တဲ့ စမ်းရေခုံတံတား ပေ(၁၂၀)အရှည်တံတားကို ရန်ပုံငွေ ကျပ်သန်း(၃၆၀)၊ ပြီးရင် ကျွန်တော်တို့ နွားလန်တက်တံတားနဲ့ မစမ်းချောင်းတံတား ကြားထဲမှာရှိတဲ့ ခုန ကျွန်တော် တင်ပြသွားတဲ့ ဒီအလယ်ချောင်းတံတားအတွက်ဆိုရင်လည်း ပေ(၁၂၀)ရှည်တဲ့အတွက် သန်း(၃၆၀) ဒါတွေကို ကျွန်တော်တို့ ခွဲဝေထားပြီးဖြစ်ပါတယ်။ အဲဒီလို ခွဲဝေပြီးတဲ့အခါမှာ ကျွန်တော်တို့ အခု တံတားရဲ့ လမ်းအူကြောင်းကို လည်း ကျွန်တော်တို့ ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ ဒီအပြင် ကျွန်တော်တို့ ဒီတံတားနဲ့ ပတ်သက်လို့လည်း မြေစမ်းတဲ့လုပ်ငန်းတွေကို တံတားနှစ်စင်းလုံးကို ကျွန်တော်တို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ မြေစမ်းတဲ့နေရာမှာလည်းပဲ တံတားပုံစံအရ တိုင်ကျမယ့် နေရာတွေကို ကျွန်တော်တို့ မြေစမ်းသပ်လျက် ရှိပါတယ်။ ဒီလို မြေစမ်းသပ်တဲ့ပုံစံများကို ထုတ်လုပ်ပြီးတော့ ဒီ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်းမှာပဲ စတင်

ပြီးတော့ တည်ဆောက်မှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖားကန့်မြို့နယ်တွင် တရားမဝင်ကျောက်များ ခိုးတူးထုတ်လုပ်နေမှုများကြောင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေ၍ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဖားကန့်မြို့နယ်တွင် တရားမဝင်ကျောက်များ ခိုးတူးထုတ်လုပ်နေမှုများကြောင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ နစ်နာဆုံးရှုံးမှု များစွာဖြစ်ပေါ်နေ၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းထားသော သတ္တုနှင့် သယံဇာတရေးရာကော်မတီ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီကို တင်ပြလာတဲ့ စာ(၈)စောင်အရ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော် Power Point အနည်းငယ်အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ကွက်များမှာ လက်ရှိ ကျောက်စိမ်း တရားမဝင်ခိုးတူးနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက ၃၁-၅-၂၀၁၂ ကနေစပြီးတော့ ကျွန်တော်တို့ တူးခွင့်မပြုတော့ပါဘူး။ Slide တွေက များတဲ့အတွက်ကြောင့် မြန်မြန်လေးပြောင်းသွားပါမယ် ခင်ဗျား။ ဒါ လက်ရှိခိုးတူးနေတဲ့အဖွဲ့ဟာ အုံနဲ့ကျင်းနဲ့ တူးနေကြတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တူးခွင့်မပြုဘူးဆိုရင် ဘယ်သူမှ မတူးတာ ပိုကောင်းပါတယ်။ အခုတော့ ကျွန်တော်တို့ ဒါ လုပ်ကွက်ရလုပ်ငန်းရှင်တွေရဲ့ အစိုးရဆီမှာ ကျွန်တော်တို့ လေလံဆွဲထားတဲ့အကွက်တွေမှာ ဝင်တူးနေကြတဲ့ ခိုးတူးသမားတွေ ဖြစ်ပါတယ်။ သူတို့ဟာ အုံနဲ့ကျင်းနဲ့ တကယ်အုပ်စုဖွဲ့ပြီးတော့ အဆောက်အဦတွေ ဆောက်ပြီးတော့ အခိုင်အမာတွေ ဆောက်ပြီးတော့ကို တူးနေကြပါတယ်။

ရဲတွေ၊ တပ်ဖွဲ့ဝင်တွေ လာတဲ့အခါမှာ ခေတ္တရှောင်နေပါတယ်။ နောက်နေ့မှာ ပြန်ရောက်ပါတယ်။ ပြန်ရောက်လာပြီးတော့ တစ်ခါ ဆက်တူးပါတယ်။ သူတို့ဟာ အဲဒီမှာဆိုလို့ရှိရင် ဒါ အဆောက်အဦအခိုင်အမာတွေကို သွပ်မိုးတွေနဲ့ကို ဆောက်ပြီးတော့ကို နေနေတဲ့အနေအထား ဒါ ဖြစ်နေတဲ့ အုံနဲ့ကျင်းနဲ့ကို နေ့ရောညရော တရုတ်နိုင်ငံကလုပ်တဲ့ စက်တွေနဲ့ အသုံးပြုပြီးတော့ ကျွန်တော်တို့ တူးဖော်တာကို တွေ့ရှိရပါတယ်။ အဲဒီတော့ သူတို့ဟာ အစိုးရကိုလည်း အခွန်ဆောင်ခြင်း မရှိပါဘူး။ သို့သော် ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ဆက်ကြေးပေးပြီးတော့ တူးဖော်နေကြတယ်လို့ ကျွန်တော်တို့ သိရ

ပါတယ်။ ပြီးရင် တရုတ်နိုင်ငံကို ကျွန်တော်တို့ မှောင်ခိုတင်ပို့ပါတယ်။ အဲဒီဟာလည်း လမ်းကြောင်းကြီး ဟာ ဖြောင့်ဖြူးလျက်ရှိကြောင်း တွေ့ရပါတယ်။

ကျွန်တော် ပြီးခဲ့တဲ့နှစ်ပတ်ကပဲ ကျွန်တော်တို့ တရုတ်နိုင်ငံ၊ နန်နင်းမြို့မှာရှိတဲ့ ASEAN plus China ကျောက်မျက်နဲ့ သတ္တုလုပ်ငန်းအစည်းအဝေးကို ကျွန်တော် သွားတက်ပါတယ်။ သွားတက်တဲ့ အခါမှာ အဲဒီအစည်းအဝေးမှာ ကျွန်တော်တို့ တရုတ်နဲ့အာဆီယံနိုင်ငံများက ထွက်တဲ့ ကျောက်မျက်ရတနာ များ ဆိုပြီးတော့ Next Slide ကို ချက်ချင်းပြောင်းပေးပါခင်ဗျား။ ကျွန်တော်ပြချင်လို့ပါ။ အဲဒီမှာ တရုတ်နှင့် အာဆီယံကထွက်တဲ့ ကျောက်မျက်တွေလို့ ပြောပြီးတော့ တကယ်တမ်းကျတော့ မြန်မာပြည်က ထွက်တဲ့ ပတ္တမြား၊ မြန်မာပြည်က ထွက်တဲ့ကျောက်စိမ်း၊ မြန်မာပြည်က ထွက်တဲ့နီလာ ဒါတွေပဲ ကျွန်တော် တွေ့ခဲ့ တယ်။ ဆိုတော့ ကျွန်တော်က ပြောပါတယ်။ နန်နင်းက မြို့တော်ဝန်ကို မြို့တော်ဝန်ကြီးခင်ဗျားလို့ ASEAN plus China လို့သာ ပြောတယ်လို့ ဒီက Jewellery က Only Product of Myanmar ဖြစ်နေပြီ ကျွန်တော်က အဲဒီလိုမျိုး ပြောပါတယ်။ အဲဒီတော့ နန်နင်းမြို့တော်ဝန်ကြီးက ရယ်ပါတယ်။ ဆိုတော့ ကျွန်တော် အဲဒီမှာ တွေ့ခဲ့တာက ကျောက်စိမ်းလက်ကောက်တစ်ကွင်းကို ဒေါ်လာ(၁၅)သန်း၊ ဒီကျောက်စိမ်းပန်းအိုးကြီး ဆိုရင် သူတို့က မရောင်းပါဘူးတဲ့။ ဒါကြီးက အင်မတန်အဖိုးတန်တဲ့အတွက် အမျိုးသားအထိမ်းအမှတ် အဖြစ် ထိန်းသိမ်းထားတော့မယ်တဲ့ ဒါကြီးကို မရောင်းတော့ဘူးတဲ့၊ ဒေါ်လာသန်းပေါင်းများစွာတန်တယ်။ ကျွန်တော် မေးကြည့် ပါတယ်။

ဒါဟာ ကျွန်တော်တို့ မြန်မာပြည်က ထွက်တဲ့ကျောက်စိမ်းလည်း ဖြစ်တယ်။ နောက် လက်ကောက် တစ်ကွင်းကို ဒီမှာ ဒီဆွဲသီးဆိုရင် ဒေါ်လာ(၅)သန်း တန်ပါတယ်။ ကျွန်တော်တို့ဆီမှာဆိုရင် ဒီလောက် တန်တဲ့ ကျောက်စိမ်း မရှိတော့ဘူး။ ဒီဆွဲသီးလေးဆိုရင် တစ်မတ်စေ့လောက်ပဲရှိတယ်။ နောက် လက်ကောက် ဆိုရင် ဒေါ်လာ(၁၅)သန်း၊ အဲဒီဟာက (၁၅)သန်း ပေးရပါတယ်။ ဒေါ်လာ(၁၅)သန်းလို့ သူ ရေးထားတယ်။ ဆိုတော့ ဒေါ်လာ(၁၅)သန်းတန်တဲ့ ကျောက်စိမ်းလက်ကောက်ဆိုတာ အဲဒီကျမှ ကျွန်တော် မြင်ဖူးပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ (၁)သိန်းတန်၊ (၂)သိန်းတန်၊ (၅)သိန်းတန်လက်ကောက်၊ (၁၀)သိန်း တန် လက်ကောက်အထိကို မြင်ဖူးပါတယ်။ မြန်မာငွေ။ ဒါပေမဲ့ နိုင်ငံခြားသွားမှပဲ ကိုယ့်နိုင်ငံက ဒီလောက် တန်တဲ့ ကျောက်စိမ်းတွေ ရှိနေပါလားဆိုတာ သိရပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ မတူးရဘူး ဆိုရင်လည်း ခိုးတူးသမားတွေကို ထိထိရောက်ရောက် ပိတ်ပင်ဖို့ လိုလိမ့်မယ်လို့ ကျွန်တော့် အနေနဲ့ ထင်မြင်ယူဆပါတယ်။ အဲဒီမှာ ဆုံးရှုံးမှုကတော့ နိုင်ငံတော်လည်း ဆုံးရှုံးတယ်။ လုပ်ငန်းရှင်၊ လေလံဆွဲ ထားတဲ့ လုပ်ကွက်ပိုင်ရှင်တွေလည်း ဆုံးရှုံးလျက်ရှိကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကျောက်မျက်လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကငယ်ကုမ္ပဏီများကိုယ်စား အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းနှစ်ရပ်ကို မေးမြန်းလိုပါတယ်။

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ တရားမဝင်ကျောက်များ ခိုးတူးထုတ်လုပ်နေသူများကို တားဆီးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ၊ ကျောက်ခိုးတူးထုတ်လုပ်နေသူများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ် ဟန့်တား ဆောင်ရွက်ပေးမည့် အစီအစဉ်များ ရှိ/မရှိ၊ ယခုအခါ ဖားကန့်မြို့နယ်တွင် နယ်မြေများ ငြိမ်းချမ်းစ ပြုလာပြီဖြစ်သည့်အတွက် ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများ ပြန်လည် စတင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် ကျောက်စိမ်းလုပ်ကွက်များ တူးဖော်ခြင်းကို ၂၀၁၂ ခုနှစ်မှစပြီး

ယနေ့အထိ (၂)နှစ်ခန့် ရပ်နားထားရသဖြင့် လုပ်ငန်းများ ပြန်လည်စတင်ချိန်မှာ လုပ်ကွက်သက်တမ်းတိုးခြင်း (Extension Time) ကိစ္စရပ်များ ဆောင်ရွက်ရာ၌ လုပ်ငန်းများ ရပ်နားထားခဲ့တဲ့အချိန်ကာလကို ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၉။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ဖားကန့်မြို့နယ်မှာ တရားမဝင်ကျောက်များ ခိုးတူးထုတ်လုပ်နေမှုများကြောင့် နိုင်ငံတော် နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် အရေးယူ ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ ရဲ့ မေးခွန်း(က)ပါ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ တရားမဝင်ကျောက်များ ခိုးယူထုတ်လုပ်နေသူများအား တားဆီးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ အနေဖြင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နဲ့ ကျောက်ခိုးတူးထုတ်လုပ်နေသူများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် ကြိုတင်ဟန့်တား ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ ပတ်သက်ပြီး ဦးစွာပထမ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားကန့်မြို့နယ်မှာ တရားမဝင်ကျောက်များ ခိုးယူထုတ်လုပ်နေမှုများ တစ်နည်းအားဖြင့် ရေမဆေးကျောက်များနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်လာပုံ အကျဉ်းလေးကို ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြပါမယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ကျောက်စိမ်းရိုင်း တူးဖော်မှုမှာ အရွယ်အစားကြီးမားတဲ့ ကျောက်ဖောက်စက်ကြီးတွေ၊ မြေကော်စက်ကြီး တွေ၊ မြေတူးစက်ကြီးတွေ၊ စက်ယန္တရားကြီးတွေ အသုံးပြုပြီး ဟင်းလင်းဖွင့်စနစ် (Open) ဖွင့်စနစ်နဲ့ တူးဖော်ခဲ့ကြတဲ့အတွက်ကြောင့်မို့လို့ ကျောက်စိမ်းရိုင်းထွက်ရှိမှု ပိုမိုပြီးတော့မှ များပြားလာခဲ့ပါတယ်။ အဲဒီစွန့်ပစ်မြေစာများမှာ ကျောက်စိမ်းရိုင်းတချို့ ရောနှောပါရှိခဲ့တဲ့အတွက်ကြောင့် ရှာဖွေတွေ့ရှိသူတွေက ကောက်ယူရောင်းချတဲ့ အချိန်ကစပြီးတော့မှ အဲဒီစွန့်ပစ်မြေစာပါ ကျောက်စိမ်းရိုင်းများကို ရှာဖွေတဲ့ လူအုပ်စုတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလူအုပ်စုကို တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူများ တစ်နည်းအားဖြင့် ရေမဆေးများ အဖြစ်နဲ့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် KIO/KIA နှင့် လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ပြီးတော့မှ ဖြစ်ပွားလာပြီးတဲ့ နောက်မှာ တရားမဝင်ကျောက်စိမ်းရိုင်း ရှာဖွေသူများ တစ်နည်းအားဖြင့် ရေမဆေးများ ဟာ ပိုမိုပြီးတော့မှ များပြားလာခဲ့ပါတယ်။ ၃၁-၅-၂၀၁၂ ရက်နေ့ကစပြီး ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ရပ်နားထားခဲ့ပြီး တဲ့နောက်မှာ တရားမဝင် ကျောက်စိမ်းရိုင်း ရှာဖွေသူများဟာ စွန့်ပစ်မြေစာပုံများမှာ ကျောက်စိမ်းရိုင်း ရှာဖွေသည့် လုပ်ငန်းတွေသာမက အခြားသော အဖျက်အမှောင့် လုပ်ငန်းများကိုပါ ဆောင်ရွက်လာခဲ့ကြ ပါတော့တယ်။

တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူတွေ တစ်နည်းအားဖြင့် ရေမဆေးတွေ က ဆောင်ရွက် ကြတဲ့ လုပ်ငန်းတွေကို ဖော်ပြရမယ်ဆိုရင် ကုမ္ပဏီလုပ်ကွက်များအတွင်းကို ဝင်ရောက်ပြီးတော့မှ ကျောက်များ တူးဖော်တာတွေ လုပ်ပါတယ်။ ကုမ္ပဏီ၊ ဂိုဒေါင်များအတွင်းမှ ကျောက်စိမ်းရိုင်းတွေကို ခိုးခြောက်ပြီးတော့မှ လုယက်တာတွေ လုပ်လာကြပါတယ်။ ကုမ္ပဏီအုပ်ချုပ်မှုအဆောင်နှင့် အိပ်ဆောင် တချို့ကို မီးရှို့ရန် အထိအောင် အားထုတ်လာတာတွေလည်း တွေ့ရပါတယ်။ ပရိဘောဂတွေကို ယူဆောင် လာခြင်းများလည်း ပြုလုပ်လာကြပါတယ်။

အချို့သော လုပ်ကွက်များအတွင်းမှာ ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အစောင့်အရှောက်နဲ့ ကျောက်များ တူးဖော်တဲ့အထိအောင် ဆောင်ရွက်လာကြပါတယ်။ ချောင်းများ အနီးမှာရှိတဲ့ မြေစာပုံတွေကိုလည်း စည်းမဲ့ကမ်းမဲ့ မျောတိုက်ရှာဖွေမှုများလည်း ပြုလုပ်လာကြပါတယ်။ ဒီနေ့ လက်ရှိ ဆောင်ရွက်မှုအခြေအနေတွေကို ကြည့်မယ်ဆိုရင်လည်း တူးဖော်တဲ့အခါမှာ တရုတ်နိုင်ငံ လုပ် လက်ကိုင်ဖောက်စက်များ အသုံးပြုပြီး မြေစာသယ်တဲ့အခါမှာလည်း လက်တွန်းလှည်းတွေ အသုံးပြု ပြီးမှ ဆောင်ရွက်လာကြပါတယ်။ လုပ်ကွက်အတွင်းမှာ ကြိုတင်နေရာယူပြီး ကျောက်ထွက်ရှိတဲ့နေရာ အနေအထားပေါ်မှာ မူတည်ပြီးတော့မှ (၁၀)ပေပတ်လည်တစ်ကွက်မှာ ကျပ်သိန်းပေါင်း (၂၀)ကနေ (၈၀)အထိ သတ်မှတ်ရောင်းချ တူးဖော်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဒီလိုဆောင်ရွက်နေမှုများကြောင့် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်မှာရှိတဲ့ ကျောက်စိမ်းတူးဖော်ရေးဌာန လုံးခင်းဟာ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ တရားမဝင် ကျောက်စိမ်းရိုင်းတွေ တူးဖော်နေတဲ့ တစ်နည်းအားဖြင့် ရေမဆေးအဖွဲ့တွေကို ဒီလိုလုပ်ဆောင်နေတာရှိတဲ့အတွက်ကြောင့်မို့လို့ လိုအပ်သလို တားဆီးထိန်းချုပ် ဆောင်ရွက်ပေးဖို့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေး ရယူထားတဲ့ တပ်ဌာနချုပ်များကို အခါအားလျော်စွာ တင်ပြဆောင်ရွက်ခဲ့ကြပါတယ်။

ဒီလိုဆောင်ရွက်နေမှုများကြောင့် နိုင်ငံတော်သမ္မတရုံးမှ လုံးခင်း၊ ဖားကန့်ဒေသတွင် တရားဥပဒေ စိုးမိုးရေးရရှိစေဖို့အတွက် လုံးခင်း၊ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ကို ၄-၂-၂၀၁၄ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅၇၈(၂၄)/၁၂/သမ္မတရုံးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်း၊ အဖွဲ့ဝင်အားလုံး (၆)ဦး ရှိပါတယ်။ နာယကအဖြစ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ အဖွဲ့ဝင်များအဖြစ်နဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ပါဝင်ပါတယ်။ နောက် အဖွဲ့ဝင်အဖြစ်နဲ့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) က စစ်ဦးစီးဗိုလ်မှူးကြီး၊ နောက်အဖွဲ့ဝင်အဖြစ်နဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့၊

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပါဝင်ကြပြီး အတွင်းရေမှူးအဖြစ်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲချုပ် ပါဝင်ဖွဲ့စည်းထားပါတယ်။

ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့အနေနဲ့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှာ ရေမဆေးကျောက်တူးသမားများ ပိုမိုများပြားလာမှုကို အုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများက ထိရောက်စွာ ကာကွယ်တားဆီးနိုင်ဖို့အတွက် လိုအပ်တဲ့ဆွေးနွေးမှုတွေ၊ မြေပြင်ကွင်းဆင်းမှုတွေ ဆောင်ရွက်ပြီးတော့မှ အဲဒီတွေ့ရှိချက်များအပေါ်မှာ သုံးသပ်ချက်များနှင့်တကွ နည်းလမ်းများ ချမှတ်ပြီးတော့မှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် တရားမဝင် ကျောက်များ ခိုးယူထုတ်လုပ်နေသူများကို တားဆီးနိုင်ဖို့အတွက်၊ ကျောက်ခိုးတူးထုတ်လုပ်နေသူများ ထပ်မံမဖြစ်ပေါ်စေဖို့အတွက် ကြိုတင်ကာကွယ်ဟန့်တား ဆောင်ရွက်ပေးမယ့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(ခ)ကို ကျွန်တော် ဆက်လက်ပြီးတော့မှ ဖြေကြားပါမယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်း(ခ)မှာ ယခုအခါမှာ ဖားကန့်မြို့နယ်တွင် နယ်မြေဒေသများ ငြိမ်းချမ်းစပြုလာပြီ ဖြစ်သည့်အတွက် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက် ရရှိသည့်အခါမှသာ သတ္တုတွင်းဝန်ကြီးဌာနက လိုက်နာဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ခ)ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ကျောက်စိမ်းလုပ်ကွက်များ တူးဖော်ခြင်းအား ၂၀၁၂ ခုနှစ်မှ ယနေ့အထိအောင် (၂)နှစ်ခန့် ရပ်နားထားရသဖြင့် လုပ်ငန်းများပြန်လည်စတင်ချိန်မှာ လုပ်ကွက်သက်တမ်းတိုးမြှင့်ခြင်း (Extension Time) ကိစ္စရပ်များ ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းများ ရပ်နားထားသည့် အချိန်ကာလများအား ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်ပြီး လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၃၁-၅-၂၀၁၂ ရက်နေ့မှ စပြီးတော့ ရပ်နားထားခဲ့ရသည့်အတွက်ကြောင့်၊ ရပ်နားခဲ့ရသော ကာလများအတွက် သက်တမ်းတိုးမြှင့်ခြင်းကို နိုင်ငံတော်သမ္မတရုံးမှ ၂၃-၅-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၉/၂၀၁၁ ဖြင့် ဖွဲ့စည်းပေးထားသည့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ်များ ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားချက်များကိုလည်း ကျွန်တော် တပေါင်းတည်း ဖြေကြားခွင့်ပြုပါခင်ဗျား။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ဒေသခံနဲ့ အခြားဒေသများမှ တရားမဝင်ရေမဆေးကျောက် ရှာဖွေသူများ များပြားလာတဲ့အတွက်ကြောင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနဲ့ နယ်မြေခံတပ်မတော်တပ်ရင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့တို့မှ ပူးပေါင်းပြီးတော့မှ ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ တရားမဝင်ရေမဆေးကျောက် ရှာဖွေသည့် အခြားဒေသမှ (၂၇၄)ဦး၊ ဒေသခံ(၅၀၄)ဦး စုစုပေါင်း (၇၇၈)ဦး ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကနေပြီးတော့မှ မတ်လ(၁၅)ရက်နေ့အထိအောင် တရားမဝင်ရေမဆေးကျောက်ရှာဖွေတဲ့ ဒေသခံ(၉၀)ဦး၊ အခြားဒေသမှ (၁၈၅၄)ဦး၊

စုစုပေါင်း(၁၉၄၄)ဦးတို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီဖမ်းဆီးရမိတဲ့သူအနက်မှ အခြားဒေသမှ တရားမဝင် ရေမဆေးကျောက်ရှာဖွေသူ စုစုပေါင်း (၂၁၂၈)ဦးကို မော်တော်ယာဉ်များနှင့် တင်ဆောင်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမှ လိုက်ပါစောင့်ရှောက်ပြီးတော့မှ မိုးကောင်းဘူတာကို ပို့ဆောင်ပေးခဲ့ပြီး သူတို့တွေရဲ့ နေရပ်ကို ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ အလားတူပဲ တရားမဝင် ရေမဆေးကျောက် ရှာဖွေသူ ဒေသခံ (၅၉၄)ဦးကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ရှေ့မှာ ရေမဆေးကျောက် ထပ်မံရှာဖွေခြင်း မပြုပါဘူးလို့ ခံဝန်ချုပ်ပြုလုပ်ပြီးတော့ ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။

ထပ်မံပြီးတော့မှ စိစစ်ဖမ်းဆီးမှုများကို ဆက်လက်ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၆ ရက်ကနေပြီးတော့ မေလ ၃၁ ရက်နေ့အထိအောင် တရားမဝင် ရေမဆေးကျောက်ရှာဖွေသူ (၁၇)ဦး၊ တခြားဒေသက (၁၂၉၅)ဦး၊ စုစုပေါင်း (၁၃၁၂)ဦး၊ မီးစက်၊ ရေစုပ်စက်(၁၀)လုံး၊ ကျောက်ဖောက်စက်(၁၄၂)လုံး၊ လေမှုတ်စက်(၄)လုံး အပါအဝင် တွင်းတူးပစ္စည်းကိရိယာ အမြောက်အမြား ဖမ်းဆီးရမိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ အဖွဲ့အစည်းများရဲ့ ဆောင်ရွက်မှုများနဲ့ ပတ်သက်ပြီးတော့မှ ရှေ့မှာ ကျွန်တော် ဖြေကြားခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကျယ်ဖြေကြားခြင်း မပြုတော့ပါဘူး။ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ အနေနဲ့ ရေမဆေးကျောက်တူးသမားများ တရားမဝင် လုပ်ကိုင်နေမှုများကို ထိရောက်စွာကာကွယ် တားဆီးနိုင်ရေး၊ မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပွားရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ အခြေအနေမှာ နယ်မြေခံရဲတပ်ဖွဲ့၊ ရဲတပ်ရင်း နှစ်ရင်းနဲ့ နယ်မြေခံခြေလျင် တပ်ရင်းများအား ဖားကန့်မြို့နယ်၊ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ တရားဥပဒေ စိုးမိုးရေးအဖွဲ့များ ပူးပေါင်းပြီး တရားမဝင် ရေမဆေးကျောက် ရှာဖွေသူများကို စုံစမ်းရှာဖွေ ဖမ်းဆီးလျက်ရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁း၀၀)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၂၀)နာရီတွင် ခေတ္တရပ်နားပြီး (၁၂း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၂:၂၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်ပိုင်း ခွင့်တင်တဲ့ လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦး ရှိပါတယ်။ ဖတ်ကြားတင်ပြပါမယ်။

ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကော်မတီအစည်းအဝေး (သတ္တုနှင့် သယံဇာတရေးရာကော်မတီ)။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကော်မတီအစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကော်မတီအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကော်မတီအစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကော်မတီအစည်းအဝေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ ကော်မတီအစည်းအဝေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကော်မတီအစည်းအဝေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကော်မတီအစည်းအဝေး။ (၁၄)ယောက်ကတော့ သတ္တုနှင့် သယံဇာတရေးရာကော်မတီရဲ့ အစည်းအဝေး ဖြစ်ပါတယ်။ (၂)ယောက်ကတော့ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂:၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၃။**

**ဦးမြင့်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေကြမ်းနဲ့ ပတ်သက်လို့ စိစစ်

တင်ပြတဲ့ ဒီ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် ဦးမြင့်ထွန်း က ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို မတ်လ ၁၈ ရက်မှာ ပြည်သူ့လွှတ်တော်ကနေ ကျွန်တော်တို့ဆီကို ပို့လိုက်တာပါ။ မူလ ရေးဆွဲတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေကို မဲဆန္ဒရှင်တွေက တာဝန်မှ ပြန်ရုပ်သိမ်းတော့မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆(ခ)နဲ့အညီ လုပ်ကိုင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီကတော့ မေလ ၂၉ ရက်နေ့မှာ ဒီကိစ္စကို အစည်းအဝေး ထိုင်ကြပါတယ်။ လေ့လာတွေ့ရှိတာတွေကို တင်ပြရမယ်ဆိုရင် ပုဒ်မ ၅(က) ရယ်၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၁၇(ခ)တို့မှာ ပါနေတဲ့ စကားရပ်တွေပါ။ အဲဒီပုဒ်မတွေမှာ ပါနေတာက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌ ထံမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော် နာယကထံသို့လည်းကောင်း ဆိုပြီးတော့ ပါနေတာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်ရင် ဒါ လုပ်ဖို့ကိုင်ဖို့ ဆိုတာက လွှတ်တော်နှစ်ရပ်ဟာ သီးခြားစီဖြစ်ပြီးတော့ နာယကအပိုင်းက မလိုတဲ့အတွက် ဒီစကားရပ်ကို ကျွန်တော်တို့ အစားထိုးကြပါတယ်။ ဘယ်လိုလဲဆိုရင် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့လည်းကောင်း ဆိုပြီးတော့ ကျွန်တော်တို့ ဒါ အစားထိုးသင့်တဲ့အကြောင်း ဆုံးဖြတ်ကြပါတယ်။ ပုဒ် ၅(ခ) မှာလည်း ဒီတိုင်းပါပဲ။ ပြည်ထောင်စု လွှတ်တော် နာယကသည် ဆိုတဲ့နေရာမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဆိုပြီးတော့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်ညီအောင် အစားထိုးသင့်တယ် လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြ ပါတယ်။

နောက်တစ်ချက်ကတော့ အပိုဒ်(ခ) ဖြစ်ပါတယ်။ ပုဒ်မ ၆(က)နဲ့ (ခ)ပါ။ ဒါကလည်း မြန်မာစာ အရေးအသား ဖြစ်ပါတယ်။ ဝါကျဆီလျော်အောင် ကျွန်တော်တို့ အစားထိုးသင့်တယ်လို့ ဆုံးဖြတ်ကြ ပါတယ်။ ဘယ်လိုအစားထိုးမလဲ ဆိုရင်တော့ ပုဒ်မ ၆(က)မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်ကို လက်ခံရရှိသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(၃)ဦးနှင့် ပြင်ပမှ သင့်လျော်သော နိုင်ငံသား(၂)ဦး စုစုပေါင်း(၅)ဦးဖြင့် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေး ရမည် ဆိုပြီးတော့ ကျွန်တော်တို့ အစားထိုးသင့်တယ်လို့ ဆုံးဖြတ်ကြပါတယ်။

ပုဒ်မ ၆(ခ)မှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သည် အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းခဲ့သော အဖွဲ့ဝင်များအနက်မှ သင့်လျော်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး စုံစမ်းစစ်ဆေးရမည်။ လုပ်ငန်းပမာဏကို ထောက်ရှု၍ ပြီးစီးရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည် ဆိုပြီးတော့ ဒါ ကျွန်တော်တို့ အစားထိုး သင့်တယ်လို့ ဆုံးဖြတ်ကြပါတယ်။

နောက်တစ်ချက်ကတော့ အပိုဒ်(ဂ)ဖြစ်ပါတယ်။ ပုဒ်မ ၇(ဃ) မှာလည်းပဲ မြန်မာစာဝါကျ ဆီလျော်ပြီးတော့မှ တိတိကျကျ ဖြစ်သွားအောင်လို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်အား ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဆိုတဲ့ စကားရပ်နေရာမှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်

ကိုယ်တိုင်ဖြစ်စေ၊ ၎င်းက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဆိုပြီးတော့ အစားထိုးသင့်တာ ကျွန်တော်တို့ တွေ့ကြပါတယ်။

နောက်တစ်ချက်ကတော့ အပိုဒ်(ဃ)ပါ။ ပုဒ်မ ၉ (ဂ) ကိုကြည့်ရင် ဒါဟာလည်း မြန်မာစာအရေးအသားပါပဲခင်ဗျား။ တိုင်တန်းချက်မှန်ကန်မှုမရှိခြင်း၊ ပုဒ်မ ၃ ပါ တာဝန်မှ ပြန်လည် ရုပ်သိမ်းနိုင်သည့် အကြောင်းမရှိခြင်း ဆိုပြီး အစားထိုးသင့်တာကို ကျွန်တော်တို့ တွေ့ပါတယ်။ နောက် တစ်ချက်ကတော့ အပိုဒ်(င)အနေနဲ့ ပုဒ်မ ၁၆ ပါ။ ဒီပုဒ်မကိုလည်း မူလဥပဒေကြမ်းအတိုင်းပဲ ထားဖို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။ ဘယ်လို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာသည့်နေ့ရက်မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည် ဆိုပြီးတော့ မူလဥပဒေကြမ်းအတိုင်းပဲ ထားသင့်တယ်လို့ ကျွန်တော်တို့ သဘောတူကြပါတယ်။

နောက်တစ်ချက်ကတော့ အပိုဒ်(စ)ဖြစ်ပါတယ်။ ပုဒ်မ ၁၇ (ခ)ကို ကြည့်ရင် ဝါကျရဲ့ နောက်မှာကပ်ပါတဲ့စကားရပ်တစ်ခုကို ဖျက်သင့်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဝါကျကတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကြောင်းကြားချက်ကို ရရှိသည့်အခါ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုကို ဆိုတဲ့ ဝါကျ ဖြစ်ပါတယ်။ အဲဒီ ဝါကျရဲ့နောက်မှာ တစ်ဆက်တည်းဖြစ်နေတဲ့ မိမိ၏စီမံခန့်ခွဲမှုအရ ဆိုတဲ့ စကားရပ်ဟာ မလိုဘဲနဲ့ ပိုနေတာ သွားတွေ့ပါတယ်။ ဒါကြောင့်လည်း အဲဒါကို ပယ်ဖျက်သင့်တယ်လို့ ကျွန်တော်တို့ သဘောတူ ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီ၏ သဘောထားအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကော်မတီက ပြင်ဆင် ဖြည့်စွက် ပယ်ဖျက်လိုက်တဲ့ ပုဒ်မ(၉)ခုကို လွှတ်တော်က အတည်ပြုပေးပါလို့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၆-၂၀၁၄ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀-၃-၂၀၁၄ ရက် နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် သုံးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၅ ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပုဒ်မ ၅ မှာ ဒီလို ပြဋ္ဌာန်းထားပါတယ်။ ၂၅-က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၄ ခုနှစ် မပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ တည်ရှိခဲ့သည့် နိုင်ငံရေးပါတီ များသည် ဤပြင်ဆင်သည့် ဥပဒေနဲ့အညီ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီနှင့် ပါတီဝင်များ ဖြစ်သည် ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့်ဥပဒေနဲ့အညီ ပြင်ဆင်လုပ်ကိုင် ဆောင်ရွက်ရန်အတွက် သင့်တော်သည့် အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည် လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ ရှေ့က ပုဒ်မ ၂ နဲ့ ၃ မှာ ပယ်ဖျက်ထားခဲ့တဲ့ ယာယီသက်သေခံ လက်မှတ် ကိုင်ဆောင်ထားသူ တွေနှင့် နိုင်ငံသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူတွေဟာ ဒီပုဒ်မ ၅ မှာ ပြန်ပြီးတော့၊ အကျုံးဝင် ပြီးတော့ တရားဝင်ဖြစ်နေပါတယ်။ ဘယ်အချိန်အထိလည်း ဆိုတော့ ကော်မရှင်က သတ်မှတ်ညှိနှိုင်း ပေးသည့် အချိန်ကာလအထိ ဖြစ်ပါတယ်။ အဲဒီအချိန်ကိုပဲ အဓိကထားပြီး ဆွေးနွေးချင်တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ပယ်ဖျက်ထားတဲ့ ယာယီသက်သေခံလက်မှတ် ဟာ တစ်ပြည်လုံးမှာ ရှစ်သိန်းခွဲခန့် ရှိပါတယ်။ အဲဒီအထဲက ခြောက်သောင်းခုနှစ်ထောင်ကျော်ဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ် ထဲမှာ ရှိပါတယ်။ နောက်ပြီးတော့ ဒီဥပဒေ ၂ နဲ့ ၃ မှာ ပယ်ဖျက်ထားတဲ့ အမျိုးသားမှတ်ပုံတင်လက်မှတ် ကလည်း (၅.၉)သိန်း ရှိပါတယ်။ ဆိုတော့ ဒီပယ်ဖျက်ထားတဲ့ လက်မှတ်နှစ်ခု စုစုပေါင်းဟာ ကျွန်တော်တို့

ရခိုင်ပြည်နယ်တစ်ခုတည်းမှာ တစ်သန်းလောက် ရှိမှာဖြစ်ပါတယ်။ အခုအချိန်ဟာ ကြားဖြတ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ ရွေးကောက်ပွဲကြီး နီးကပ်လာချိန်ဖြစ်လို့ အချိန်ကာလ သတ်မှတ်ချက်ကို အရှည်ကြီးထားဖို့ မသင့်တော်ပါဘူး။ ပါတီတွေမှာလည်း ပြင်ဆင်စရာ ကိစ္စတွေ ရှိနေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခုမှာ အချိန်ကာလ ဆိုတာ တိတိကျကျ ပြဋ္ဌာန်းလေ ပိုကောင်းလေ ဖြစ်ပါတယ်။ အခု ဥပဒေမှာက သင့်တော်သည့် အချိန်ကာလ ဆိုတာ မတိကျသလို ဖြစ်နေပါတယ်။ ဆိုတော့ ဒီ နိုင်ငံရေးပါတီတစ်ခုလုံး မှတ်ပုံတင်တဲ့အခါတောင်မှ အချိန်ကာလကို (၃)လ သတ်မှတ်ပေးတဲ့ အတွက် ဒီ ဥပဒေကြမ်းမှာပါတဲ့ အချိန်ကာလကို သင့်တော်သည့် အချိန်ကာလတစ်ခု ဆိုတဲ့ စကားရပ် အစား အချိန်(၂)လအတွင်း ဆောင်ရွက်ရန် ဆိုပြီးတော့ သတ်မှတ်ပေးစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က လေးစားစွာ ရိုသေဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၁၂-၃-၂၀၁၄ နေ့မှာ ကျွန်တော် ဒီ အမျိုးသားလွှတ်တော်ထဲမှာ ပထမဆုံးအကြိမ် ဆွေးနွေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပြီးနောက် ၁၈-၃-၂၀၁၄ နေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ အစည်းအဝေးခန်းမ (၊-၁၆) မှာ ကြားနာညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။ ဥပဒေကြမ်း ကော်မတီနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ကြရာတွင် (က) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ (သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ ဖြစ်ခြင်း ဆိုသည့် စကားရပ်အစား နိုင်ငံသားဖြစ်ခြင်း ဖြစ်ရမည် ဟု လည်းကောင်း၊ (ခ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) တွင် ပါရှိသော ပုဒ်မ ၄ ပါအချက်များနှင့် ညီညွတ်သော ပါတီထူထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသားကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ် (သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ဆိုသည့် စကားရပ်အစား ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဟူ၍လည်းကောင်း၊ (ဂ) နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၌ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ (သို့မဟုတ်) ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ ဖြစ်ခြင်း ဆိုသည့် စကားရပ်အစား နိုင်ငံသားဖြစ်ခြင်းဟူ၍လည်းကောင်း ပြင်ဆင်လိုသည့် အချက်များကို ညှိနှိုင်းတင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၁၉-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၁၃ ဖြင့် ဖြန့်ဝေသော အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်တင်ပြချက်ဇယားတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသားပြုခွင့်ရသူ (သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူ ဖြစ်ခြင်း ဆိုသည့် စကားရပ်ကို နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ခြင်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု နိုင်ငံသားပြုခွင့်ရသူ ဆိုသည့် အပိုဒ်တစ်ပိုဒ် ပို၍ ထည့်ထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ၂၅-၃-၂၀၁၄ ရက်စွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေကြမ်းမှာလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်တင်ပြသော အစီရင်ခံစာနှင့် တစ်စုံတစ်ရာ ကွဲလွဲမှုမရှိဘဲ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များနှင့်အတူ အတူတူဖြစ်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့သည် အဆင့်အတန်း တူညီကြသည်မဟုတ်ဘဲ များစွာကွာခြားလျက်ရှိကြပါသည်။ နိုင်ငံသားပြုခွင့်ရသူ ဆိုသည်မှာ နိုင်ငံသားမဖြစ်သေးဘဲ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေနည်းလမ်းအတိုင်း နိုင်ငံသားဖြစ်လိုကြောင်း လျှောက်ထားပြီး နိုင်ငံတော်အစိုးရက ခွင့်ပြုမှသာလျှင် နိုင်ငံသားအဖြစ် သို့ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ နိုင်ငံသားပြုခွင့်ရသူ ဖြစ်ပေမယ့် နိုင်ငံသားဖြစ်လိုကြောင်း လျှောက်ထားခြင်း မရှိသေးသူ (သို့မဟုတ်) လျှောက်ထားသော်လည်း နိုင်ငံသားဖြစ်ကြောင်း ခွင့်ပြုချက် မရရှိသေးသောသူများဟာ နိုင်ငံသားဖြစ်မလာတော့ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)တွင် နိုင်ငံသားပြုခွင့် လက်မှတ်ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသော နိုင်ငံသားပြုခွင့် လက်မှတ်ကို ဆိုသည်လို့ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ဂ)တွင် နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုက သတ်မှတ်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းရှေ့သို့ ကိုယ်တိုင်လာရောက်ပြီး နိုင်ငံတော်၏သစ္စာကို စောင့်သိခံယူမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော တာဝန်နှင့် အခွင့်အရေးများကို သိရှိကြောင်းဖြင့် စာဖြင့်ရေးသား၍ ကတိသစ္စာပြုရမည် ဟု ပြဋ္ဌာန်းထားပါတယ်။ ဤကဲ့သို့ နည်းလမ်းတကျ ကတိသစ္စာ ပြုပြီးမှသာလျှင် သူဟာ နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ဥပဒေအရ နိုင်ငံသားအဖြစ်သို့ ရောက်ရှိလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်း ပုဒ်မ ၃၄၅ တွင် အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ကြသည်။ (က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူ ဟူ၍ နိုင်ငံသားဖြစ်ရမည့်သူများ၏ အရည်အချင်းကို အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်၏ ဥပဒေကြမ်းကော်မတီများက သဘောတူသည့် ပြင်ဆင်ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင်ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ

လက်မှတ်ကိုင်ဆောင်သူ ဖြစ်ခြင်း ဆိုသည့် စကားရပ်ကို နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ခြင်းဆိုသည့် စကားရပ်အစား နိုင်ငံသားဖြစ်ခြင်း ဆိုတဲ့ စကားရပ်ဖြင့် ပြောင်းလဲပေးနိုင်ပါရန် ဆွေးနွေးတင်ပြ တောင်းဆိုအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဖြေဝင်း(ခ)ဦးဇာယာဒ်ရော်မံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၀။**

**ဦးဖြေဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ရိုသေလေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင် လူကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကို လွှတ်တော်နှစ်ရပ်လုံးက သေချာစိစစ်ပြီးတော့ ဥပဒေကြမ်းကော်မတီ အသီးသီးမှ မျှတအောင် ပြင်ဆင်ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ ဥပဒေကြမ်း ဆွေးနွေးရာတွင် အဓိကပါရှိတဲ့ ယာယီသက်သေခံလက်မှတ်ဆိုတာ သူ့ရဲ့ သက်တမ်းက တစ်နှစ်ပဲ ရှိပါတယ်။ တကယ်လို့သာ အကြောင်းကြောင်းကြောင့် သူ့ကို မပြောင်းလဲနိုင်ဘူးဆိုရင် နောက်ထပ်(၆)လကိုပဲ သက်တမ်းတိုးပေးရပါတယ်။ အမှန်တကယ်က ဒီ ယာယီသက်သေခံလက်မှတ်တွေကို ၁၉၉၃-၉၄ ခုနှစ်ကတည်းက ထုတ်ပေးပြီးတော့ ဒီနေ့ဒီအချိန်အထိ သုံးစွဲနေရတာ ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်အစိုးရရဲ့ အစိုးရအဆက်ဆက်ရဲ့ အခက်အခဲကြောင့်ပဲ ဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအရ တစ်နှစ် တစ်နှစ်ခွဲ ထားရမယ့် ကတ်ပြားတွေကို အချိန်အကြာကြီး ဆွဲရတဲ့အတွက် ဒီ ဥပဒေကြမ်းမှာလည်း ဒီဟာကို ပြန်လည်လဲလှယ်ပေးဖို့ အချိန်တစ်ခု ပေးရမှာကို ဒါ ဆိုလိုထားတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ ဥပဒေကြမ်းမှာ ပါတဲ့ဟာကို ကျွန်တော်တို့ လွှတ်တော်ဘက်က အချိန်အတိုင်းအတာတစ်ခုကို သတ်မှတ်ဖို့ဟာထက် ဒါ သူတို့ကို နိုင်ငံတော်အစိုးရနဲ့ ဒီ ကော်မရှင်အဖွဲ့ကို လွတ်လွတ်လပ်လပ် လုပ်နိုင်အောင် အချိန်ပေးဖို့ လိုအပ်ပါတယ်။ လွှတ်တော်ဘက်ကနေ အချိန်ကန့်သတ်တာက သူတို့အပေါ်ကို ဩဇာသက်ရောက်သလို ဖြစ်သွားမှာမို့လို့ ကျွန်တော့်အနေနဲ့ ဒါ ကော်မရှင်နဲ့ နိုင်ငံတော်အစိုးရဘက်မှ လွတ်လွတ်လပ်လပ် လုပ်နိုင်အောင် ကျွန်တော်များ လွှတ်တော်မှ အချိန်လေး ပေးသင့်ပါကြောင်း တင်ပြရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သုံးဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းလည်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ်ကျပ်ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည် ဆိုသည့် စကားရပ်ကို ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ် သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင် ပါရှိသော ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ် သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်ဆိုသည့် စကားရပ်ကို ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ တွင် ပါရှိသော ထောင်ဒဏ်တစ်လ ကျခံစေရမည်ဆိုသည့် စကားရပ်ကို ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အပိုဒ် ၄ ၊ အပိုဒ်ခွဲ(ခ) ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ၊ အပိုဒ်ခွဲ(ခ) ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း၊ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြုထားသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို
ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင် ပါရှိသော ခွင့်ပြုမိန့် ဆိုသည့် စကားရပ်ကို ခွင့်ပြုချက် ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ၌ပါရှိသော ကိုယ်ရေးအချက်အလက်ဆိုသည့် စကားရပ်ကို အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပြည့်အစုံ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ အခန်း ၄ တွင် -

(က) အခန်းခေါင်းစဉ်၌ ပါရှိသော နှင့် ငြင်းပယ်ခြင်း ဆိုသည့် စကားရပ်ကို ပယ်ဖျက် ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက် ထုတ်ပေး ရမည်။

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈ ပုဒ်မခွဲ(င)၏ နောက်တွင် ပုဒ်မခွဲ(စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည် -

(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့် ကြွေးကြော် ခွင့်ပြုသည့် စကားရပ်များ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ) အား အောက်ပါအတိုင်း အစားထိုးရမည် -

(ဋ) ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ည)အထိပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက် ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ တွင် ပါရှိသော နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ် ကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၇

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ်ကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော ခြောက်လထက်မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ်ကို တစ်လထက်မပိုသော ထောင်ဒဏ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အပိုဒ် ၃၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၃း၀၀)နာရီတွင် ခေတ္တရပ်နားပြီး (၁၃း၁၅)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်း ညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က အလုပ်ရှင်နှင့် အလုပ်သမား

ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဒုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာပါ လို့နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ အလုပ်ရှင်နဲ့အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အလုပ်သမားနဲ့ရော အလုပ်ရှင်နဲ့ရော ကျွန်တော် ဆက်စပ်လျက်ရှိပါတယ်။ အဲဒီတော့ အဲဒီ အလုပ်သမားတွေရဲ့အသံ၊ နောက် တချို့အလုပ်ရှင်တွေရဲ့အသံ ဒီဟာကို ကျွန်တော် နားထောင်ပြီးတဲ့နောက် ကျွန်တော် လွှတ်တော်မှာ ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်မှုဇုန်တွေ ရှိပါတယ်။ နောက် စက်မှုဇုန်မဟုတ်တဲ့ တချို့နေရာတွေမှာလည်းပဲ ကျွန်တော်တို့ စက်ရုံ၊ အလုပ်ရုံတွေ ရှိပါတယ်။ ဒီနေ့ဒီအချိန်ထိ စက်ရုံ၊ အလုပ်ရုံတွေမှာရှိနေတဲ့ အလုပ်သမားနဲ့ အလုပ်ရှင်များရဲ့ ပြဿနာဟာ တစ်နည်းအားဖြင့် အလုပ်သမား တွေ ဆန္ဒပြတောင်းဆိုနေတဲ့ကိစ္စရပ်တွေဟာ အမြဲမပြတ်လိုလို ဒီကနေ့အချိန်ထိ ရှိနေပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ တစ်ကမ္ဘာလုံးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတင် မဟုတ်ပါဘူး။ အလုပ်သမားနဲ့ အလုပ်ရှင် ဒီလိုဆန္ဒပြပြီးတော့ တောင်းဆိုတာတွေ၊ ပဋိပက္ခဖြစ်တာတွေဟာ ကျွန်တော် မနက်တုန်းက Stock and Share လာပြီးတော့ ရှင်းပြတဲ့ ဒုဝန်ကြီး ရှင်းပြတဲ့ဟာက အဲဒီ Stock and Share ဟာ (၁၈)ရာစုနှစ် လောက်ကနေ စပြီးတော့ ရှိခဲ့တယ်။

အခု ကျွန်တော်တို့ ဒီ Stock and Share ကို ကျွန်တော်တို့နိုင်ငံမှာ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်တော့မယ်။ အဲဒီတော့ အလုပ်သမားတွေဟာလည်းပဲ (၁၆)ရာစု၊ (၁၈)ရာစု အဲဒီလောက် ကတည်းက ဒီလို ကိစ္စရပ်မျိုးတွေ ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ အလုပ်သမားဥပဒေတွေ ဘယ်လို ဆောင်ရွက်ကြမလဲ။ ILO နဲ့အတူ ညှိနှိုင်းပြီးတော့ တစ်ကမ္ဘာလုံးက ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအတွက်ကြောင့် အကြမ်းဖျင်းအားဖြင့် လေ့လာကြည့်ရင် ကျွန်တော်တို့ အနီးအနားမှာရှိနေတဲ့ အာဆီယံနိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံ၊ လွန်ခဲ့တဲ့နှစ်တွေတုန်းက အဲဒီမှာ ဆန္ဒပြတဲ့ ဒီလိုအမှုပေါင်းဟာ ထောင်နဲ့ချီပြီးတော့ ရှိပါတယ်။ တဖြည်းဖြည်း အခု ကျဆင်းလာတဲ့အခါမှာ ရာဂဏန်း၊ ဆယ်ဂဏန်းလောက်ပဲ ရှိပါတော့တယ်။ တဖြည်းဖြည်းနဲ့ ပျောက်ပျောက် ပျောက်ပျောက်သွားတဲ့ သဘောမျိုးရှိပါတယ် ခင်ဗျား။

ထိုနည်းဝင်းပဲ ကျွန်တော်တို့ တိုးတက်နေတဲ့နိုင်ငံတွေ ဂျပန်နိုင်ငံတို့လို၊ ဂျာမဏီနိုင်ငံတို့လို၊ အင်္ဂလန်နိုင်ငံတို့လို ဒီလိုနိုင်ငံကြီးတွေကို ကြည့်လို့ရှိရင်လည်းပဲ၊ ဂျပန်နိုင်ငံကို စံနမူနာယူပြီးတော့ ကြည့်လို့ရှိရင်လည်းပဲ အဲဒီဆန္ဒပြမှုတွေဟာ လျော့ပါးပြီးတော့ မရှိသလောက် ဖြစ်သွားပါပြီ။ ဒါ

ဘာကြောင့်လဲ။ ကျွန်တော်တို့ လေ့လာဖို့ လိုပါတယ်။ ကျွန်တော်တို့ ဒီအကြမ်းဖျင်းအားဖြင့် ကြည့်လိုက်ရင် ဂျပန်လိုနိုင်ငံမျိုးမှာတောင်မှ အလုပ်ရှင်နဲ့အလုပ်သမားဟာ တစ်စီးပွားတည်း ဆောင်ရွက်တဲ့သဘောမျိုး၊ မိသားစုစိတ်ဓာတ်မျိုး သူတို့ သွင်းထားတာကို တွေ့ပါတယ်။ ဒါ ကျွန်တော်တို့ အဓိကက မိသားစုလို ရင်းရင်းနှီးနှီးနဲ့ ဖြစ်လာပြီဆိုရင် တစ်ဦးရဲ့အကျိုးစီးပွား နောက်တစ်ဦးရဲ့အကျိုးစီးပွား ဆက်နွယ်မှုရှိတဲ့ဟာ တွေကိုလည်း သူတို့သိတယ်။ တစ်ဦးနဲ့တစ်ဦးလည်း အပြန်အလှန် လေးစားတဲ့သဘောမျိုးတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာ နမူနာအဖြစ်ယူစရာ ကျွန်တော်တို့ လိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီနိုင်ငံမှာလည်းပဲ အခုပြောင်းလာတဲ့ ကျွန်တော်တို့ နိုင်ငံရေးနဲ့အတူ နိုင်ငံတော်မှာ အလုပ်သမားအဖွဲ့အစည်းတွေလည်းပဲ ဖွဲ့စည်းခွင့်ပေးထားတယ်။ နောက် ကျွန်တော်တို့ အလုပ်သမား ဥပဒေတွေလည်းပဲ ရှိနေပါတယ်။ အလုပ်သမားတွေ ဆန္ဒပြပြီးတော့ ပဋိပက္ခတွေဖြစ်မယ်ဆိုလို့ရှိရင် လည်းပဲ ဖြေရှင်းဖို့ ဥပဒေတွေ၊ ဒါ နည်းဥပဒေတွေ အများကြီး ထွက်နေပါတယ်။

တစ်နည်းအားဖြင့် ပြောရလို့ရှိရင်တော့ ကျွန်တော်လေ့လာသိရှိရသလောက် အဲဒီဥပဒေ တွေကို ထိရောက်စွာနဲ့ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက် ဒီဥပဒေတွေကိုလည်းပဲ အလုပ်သမားများနဲ့အတူ အလုပ်ရှင်များဟာ သေသေချာချာ ဂဃနဏ သိရှိဖို့လိုပါတယ်။ ဒီလိုမှ မသိရှိဘူးဆိုရင် ကျွန်တော်တို့က ဥပဒေကလည်း ထိရောက်မှုမရှိဘူး။ နောက် ကျွန်တော်တို့ မလိုလား အပ်တဲ့ ပြဿနာပေါင်းများစွာလည်းပဲ ပေါ်ပေါက်လာနိုင်ပါတယ်။ ဒီဥပဒေတွေကို သိတယ်။ တစ်ဦးနဲ့ တစ်ဦးကလည်းပဲ မိသားစုစိတ်ဓာတ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ဒီဟာတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိနေတဲ့ အကုန်လုံး တစ်မျိုးသားလုံးဟာ ယဉ်ကျေးတဲ့လူသားတွေ ဖြစ်ပါတယ်။ ယဉ်ကျေးတဲ့လူသားတွေ ဖြစ်တာနဲ့အညီ ဒီဟာတွေဟာ လျော့ပါးသွားနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ILO ကလည်းပဲ ဖြေရှင်းနည်းပေးတဲ့ သုံးဦး သုံးဖလှယ် ကျွန်တော်တို့ ပေါင်းပြီးတော့ ဆောင်ရွက်တဲ့နည်း Triple Type ဒါ အရင်ကတည်းက သူတို့ ဆောင်ရွက်နေတာပါ။ ဟို နိုင်ငံတွေလည်းပဲ ဒီလိုပဲ ဆောင်ရွက်ခဲ့ပါတယ်။ အလုပ်ရှင်ရယ်၊ အလုပ်သမား ရယ်၊ ကျွန်တော်တို့ အလုပ်သမားအဖွဲ့အစည်းတွေရယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ အလုပ်သမား အဖွဲ့အစည်းလေးတွေ ဖွဲ့ပေးထားပါတယ်။ ဒီအလုပ်သမားအဖွဲ့အစည်းတွေဟာ ဘယ်နိုင်ငံရေးပါတီကိုမှ ကျောထောက်နောက်ခံပြုတဲ့ ဘယ်နိုင်ငံရေးပါတီရဲ့ အသုံးချခံတဲ့ အဖွဲ့အစည်းမျိုး မဖြစ်စေရပါဘူး။

ဒီဟာတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အနေနဲ့ ဒီဟာက ပါဝင်ပြီးတော့ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါ ဒီမိုကရေစီနိုင်ငံပဲ။ ဒါတွေ ကျွန်တော်တို့က လုပ်စရာမလိုတော့ဘူး။ သူတို့သဘော၊ သူတို့ဆောင်ပြီးတော့ လွတ်လွတ် လပ်လပ် ဆောင်ရွက်ခွင့်ရှိတယ် ဆိုတဲ့ သဘောမျိုး ယူဆလိုက်ရင် ဒီပြင် ဒီမိုကရေစီနိုင်ငံတွေမှာ လေ့လာ ကြည့်ပါ။ ဒီမိုကရေစီ ဆိုပေမယ့်လည်းပဲ စည်းကမ်းနဲ့ဥပဒေနဲ့ လိုက်နာပြီးတော့ ဆောင်ရွက်ရတဲ့ကိစ္စ တွေဖြစ်ပါတယ်။ အစိုးရက လွတ်ထားပြီးတော့ ဒီမိုကရေစီ ဖြစ်တာပဲ ဒီလိုသဘောသဘာဝမျိုး မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီအသင်းအဖွဲ့တွေ ဖွဲ့တဲ့အခါမှာလည်းပဲ သက်ဆိုင်ရာ ကျွန်တော်တို့ တာဝန်ရှိပုဂ္ဂိုလ်များ ဝန်ကြီးဌာနက အင်မတန်မှ အရေးပါပါတယ်။ ဘာကြောင့်လဲဆိုတော့ ခုနက အလုပ်ရှင်၊ တချို့စက်ရုံ တွေမှာ အလုပ်ရှင်ကနေ ဖွဲ့စည်းထားတဲ့ အလုပ်သမားအဖွဲ့အစည်းတွေ ရှိပါတယ်။ အဲဒီတော့ အလုပ်ရှင်က ဖွဲ့စည်းပေးတဲ့အတွက်ကြောင့် ဟိုဘက်က အလုပ်သမားတွေက ဖွဲ့စည်းတဲ့ ခုနတုန်းက

အဖွဲ့အစည်းနဲ့ အလုပ်သမားအဖွဲ့အစည်းနဲ့ တစ်ဦးနဲ့တစ်ဦးဟာ မသင့်မြတ်မှုတွေ၊ နောက် ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒီပြဿနာတွေဟာ သာမန်ကြည့်ရင် အသေးအမွှားထင်ပေမယ့် နိုင်ငံတော်အတွက် အင်မတန်မှ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ပြီးတော့ အင်မတန်မှ မလိုလားအပ်တဲ့ကိစ္စရပ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီအသင်းအဖွဲ့တွေ ဖွဲ့တာကအစ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ကနေပြီးတော့ ဝင်ရောက်ဆောင်ရွက်ပေးတဲ့ သဘောမျိုး ရှိသင့်ပါတယ်။ ဝင်ရောက်ဆောင်ရွက်ပေးတယ် ဆိုတာကတော့ မှန်မှန်ကန်ကန် ဖြစ်အောင် ဥပဒေနဲ့အညီ ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ ဒီမှာ တင်သွင်းခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က အလုပ်ရှင်၊ အလုပ်ရှင်တွေဘက်ကလည်း အလုပ်သမားရဲ့ ဥပဒေကို ကျွန်တော်တို့ သဘောပေါက်ဖို့ လိုပါတယ်။ အဲဒီတော့ အလုပ်သမားရဲ့ ဥပဒေတွေထဲမှာ ILO ကလည်း ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ကျွန်တော်တို့နိုင်ငံကလည်း ဒီဥပဒေတွေနဲ့အညီ ILO နဲ့ ညှိနှိုင်းပြီးတော့ ဒီရေးဆွဲထားတဲ့ ဥပဒေတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အလုပ်ချိန်တွေကအစ အချိန်ပိုအလုပ်ချိန်တွေ၊ ကျန်းမာရေးတွေ၊ နောက် လူမှုရေးတွေ၊ ကိစ္စအထွေထွေကိုလည်းပဲ ဆောင်ရွက်ပေးဖို့ အလုပ်ရှင်တွေမှာ တာဝန်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်း မရှိတဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ အလုပ်ရှင်တွေ ဆိုလို့ရှိရင် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေနှင့်အညီ သတိပေးခြင်း၊ သူတို့ကို ဆွေးနွေးခြင်း၊ ရှင်းပြခြင်း လုပ်သင့်ပါတယ်။ မဟုတ်လို့ရှိရင် ဒီအလုပ်ရှင်နဲ့ ဒီစက်ရုံတွေဟာ သူတို့ရဲ့ ဆောင်ရွက်တဲ့ဟာက မှန်ကန်တယ် ယူဆပြီးတော့ ဆက်လက်ဆောင်ရွက်တဲ့အခါမှာ ခုန အလုပ်သမားနဲ့ အလုပ်ရှင်တွေ ပြဿနာတွေ ပေါ်လာနိုင်ပါတယ်။ ဒါတွေ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အနေနဲ့ ဒီစက်ရုံ၊ အလုပ်ရုံတွေမှာ ဒီလိုပြဿနာတွေ ဘယ်လောက်လောက် ရှိသလဲ။ ဘယ်နှစ်ရုံ ရှိသလဲ။ ဘာကြောင့် ပြဿနာတွေ ဖြစ်သလဲ။ ဒီဟာကို အလုပ်ရှင်အနေနဲ့ ဘယ်လိုဆွေးနွေးဆောင်ရွက်ပြီးပြီလဲ။ ဒီလို ဆောင်ရွက်ချက်တွေလည်း ဒါ အင်မတန်မှ လိုအပ်ပါတယ်။

ဆောင်ရွက်ပြီးတဲ့အခါမှာ ဒီဟာတွေဟာ ခုနတုန်းက ဆောင်ရွက်ချက်နဲ့ ဥပဒေနဲ့အညီ၊ မညီလို့ရှိရင် ဘယ်စက်ရုံတွေကို ကျွန်တော်တို့က Warning ပေးတယ် စသည်အားဖြင့် ဒါမျိုးတွေ လိုပါတယ်။ ခုန ကျွန်တော်တင်ပြတဲ့ ဒါ ဒီမိုကရေစီနိုင်ငံပဲ။ သူတို့စိတ်ကြိုက် ဒီလိုလုပ်လို့ မရပါဘူး။ ဘယ်ဒီမိုကရေစီနိုင်ငံမှာမှ မလုပ်ပါဘူးခင်ဗျား။ လေ့လာကြည့်ပါ။ ကျွန်တော်တို့ ဒီမိုကရေစီ အင်မတန်မှ ရင့်ကျက်တဲ့ နိုင်ငံကြီးလည်းပဲ မလွှတ်ထားပါဘူး။ ဒါတွေ ကျွန်တော်တို့က အကုန်လုံး အလုပ်သမားရော၊ အလုပ်ရှင်ရော၊ ပြည်သူလူထုရော အားလုံး ကျွန်တော်တို့ သဘောပေါက်ဖို့ လိုပါတယ်။

နောက် အလုပ်သမားဘက်ကလည်းပဲ အလုပ်ရှင်နဲ့ ညှိနှိုင်းဆွေးနွေးဆောင်ရွက်တဲ့အခါမှာ ဥပမာ - ကျွန်တော်တို့ စာချုပ်တွေ ချုပ်တယ်။ ချုပ်တဲ့အခါမှာ ဒီ စာချုပ်တွေဟာ အလုပ်ရှင်ဘက်ကရော၊ အလုပ်သမားဘက်ကပါ ပွင့်ပွင့်လင်းလင်းနဲ့ ထင်သာမြင်သာရှိရမယ်။ ကျွန်တော်တို့ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေဟာ တော်တော်များများ စက်ရုံ၊ အလုပ်ရုံမှာ လုပ်တဲ့ အလုပ်သမားတွေဟာ ပညာအားဖြင့် နည်းပါတယ်။ ဒါကြောင့်မို့လို့ နောက် ကျွန်တော်တို့ရဲ့ မြန်မာတို့ရဲ့ အကျင့်စရိုက်အတိုင်း ခုနတုန်းက စက်ရုံမှာ အလုပ်ရမယ်ဟေ့၊ မင်းဒီဟာလေးတော့ ထိုးလိုက်ဆိုရင်တော့ လွယ်လွယ်ကူကူနဲ့ ယုံကြည်စိတ်ချစွာ ထိုးလိုက်တဲ့ကိစ္စရပ်တွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒီလို စာချုပ်တွေချုပ်မယ်။ ထိုးမယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ အသိသက်သေ

ထားပြီးတော့ သေသေချာချာ ဆွေးနွေးပြီးတဲ့နောက်မှာ ကျွန်တော်တို့ ဒါ ဆောင်ရွက်ဖို့ လိုပါတယ်။ မဟုတ်ရင် ဒီဟာတွေ ထိုးထားပါတယ်။ ထိုးထားပြီးတဲ့အခါကျတော့ ဟိုဘက် အလုပ်သမားဆိုတာ ဘာမှမသိပါဘူး။ ဒီဟာကြီးနဲ့ ကျွန်တော်တို့က ကိုင်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ဒါ တော်တော်လေး ပြဿနာပွားပါတယ်။ ဒီ ကိစ္စရပ်တွေမှာလည်းပဲ ကျွန်တော်တို့က ဆောင်ရွက်ဖို့ လိုပါတယ်။

နောက် အလုပ်ရှင်နဲ့ အလုပ်သမား ပြဿနာဖြစ်လာတယ်၊ သက်ဆိုင်ရာ ဒီ အလုပ်သမား အဖွဲ့အစည်းတွေကလည်း ဝင်ရောက်ဖြန်ဖြေတယ်။ ဖြန်ဖြေပြီးတော့ အဲဒီ Case တွေ တက်တယ်။ တက်ပြီးတော့ ဖြေရှင်းတယ်။ ကျွန်တော် လေ့လာရသလောက် တစ်နည်းအားဖြင့် ကျွန်တော် သိရှိရ သလောက် ဖြေရှင်းပေးငြားသော်လည်း သက်ဆိုင်ရာ အလုပ်ရှင်များ၊ သက်ဆိုင်ရာ ကုမ္ပဏီများဘက် ကလည်း လိုက်နာဆောင်ရွက်ခြင်း မရှိဘူးဆိုတာ ကြားရပါတယ်။ အဲဒီတော့ ဒါတွေလည်းပဲ ဆန်းစစ်သင့် ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုတ်တယ်၊ မဟုတ်တယ်တော့ ဒါ အတိအကျ မဆိုလိုပါဘူး ကျွန်တော်တို့ ဒါ သိရတယ်။ ကြားရတယ်အပိုင်းတွေကို ကျွန်တော် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာ ညှိနှိုင်းပြီးတော့ ပေါင်းစည်းမှုသာလျှင် ကျွန်တော်တို့ ဒီ အလုပ်သမားနဲ့ အလုပ်ရှင် ပြဿနာဟာ ကျွန်တော်တို့ အေးချမ်းမှာပါ။

နောက်တစ်ချက်က ကျွန်တော် တင်ပြ လိုတာ ဒီ အလုပ်ရှင်နဲ့ အလုပ်သမား ညီညွတ်ဖို့အတွက် ဒီ စက်ရုံ၊ အလုပ်ရုံတွေမှာ နိုင်ငံခြားမှာရှိနေတဲ့ စက်ရုံ၊ အလုပ်ရုံတွေ အဲဒီ တိုင်းပြည်မှာရှိတဲ့ စက်ရုံထဲကို ဝင်သွားတာနဲ့ အဲဒီ စက်ရုံ၊ အလုပ်ရုံဟာ ဒီလ ဘယ်လောက်လောက် သူရဲ့ ထွက်တယ်။ ထွက်ကုန်တွေ ဆိုလည်း ဘယ်လောက်ထွက်တယ် စသည်အားဖြင့် အဲဒီလို Bar Graph နဲ့ပဲဖြစ်ဖြစ်၊ စာရင်းဇယားနဲ့ပဲ ဖြစ်ဖြစ် ပြထားတာတွေ ရှိပါတယ်။ အခု ဒီလိုဆိုလိုက်တဲ့အခါမှာ ဒီဘက်မှာ မရှိဘူးလား ဆိုတော့ တော်တော်များများ မရှိပါဘူး။ ခုန MD ဆိုတဲ့ အခန်းထဲမှာတော့ ရှိချင်ရှိမယ်။ နောက် ဒီပြင် သူတို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ် အုပ်ချုပ်ရေးအပိုင်းက အဲဒီအထဲမှာ ရှိချင်ရှိမယ်။ စက်ရုံမှာ ထင်ထင်မြင်မြင်နဲ့ ပွင့်ပွင့်လင်းလင်း တင်ပြထားတာ မရှိပါဘူး။ ဒါ သိပ်အရေးကြီးပါတယ်။ အဲဒီတော့ ခုနတုန်းက ကိုယ့်စက်ရုံမှာရှိနေတဲ့ ကိုယ့်အလုပ်သမားတွေ၊ သူရဲ့လုပ်အားတွေ ဟာ ဘယ်လောက်လောက်ရှိတယ်။ ဒီက ကုန်ထုတ်စွမ်းအား Productivity ဘယ်လောက်လောက် မြင့်တက်လာတယ်။ ဘယ်လောက် လောက်မြင့်ရင် အကျိုးအမြတ်ရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ ဖုံးကွယ်ထားလို့ မရပါဘူး။ ခုနတုန်းက ကျွန်တော်ပြောတဲ့နိုင်ငံတွေမှာ နိုင်ငံကြီးတွေမှာ တော်တော်များများဟာ ဒါတွေ ကျွန်တော်တို့ ရှင်းပြ ပါတယ်။ ဒီအခါမှာ သက်ဆိုင်ရာ အလုပ်လုပ်တဲ့ အလုပ်သမားတွေကလည်းပဲ သူတို့ရဲ့ လုပ်အားဟာ ကျဆင်းသွားတယ်။ ဒါကြောင့် ပိုင်ရှင်မှာရှိတဲ့ ဒီ ကုမ္ပဏီရဲ့ ဝင်ငွေဟာ နည်းသွားတယ်။ သူတို့ သိပါတယ်။ သိတဲ့အတွက်ကြောင့် သူတို့ ခုနတုန်းကပြောတဲ့ တောင်းဆိုမှုကိစ္စတွေကအစ ဒါ သူတို့ စဥ်းစဥ်းစားစား၊ ချင့်ချင့်ချိန်ချိန်နဲ့ အလုပ်သမား ခုနတုန်းက အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်လေ့ရှိပါတယ်။

ကျွန်တော်တို့ ဒီဟာက ဒီမှာတော့ ဒီလိုပြောလိုက်ရင်၊ ဟာ ဒါတော့ မပြောသင့်ဘူး။ ခုန ကျွန်တော်ပြောတဲ့ ဒီမိုကရေစီနဲ့ ကိုင်ပြီးတော့ ဒါကတော့ သူဟာသူ လုပ်တာပဲ။ သူစိတ်တိုင်းကျလို့ ဒီလို ဆောင်ရွက်လို့ မရပါဘူး။ အဲဒီတော့ ဒီဟာတွေလည်းပဲ လိုအပ်ပါတယ်။

နောက်တစ်ချက် အဲဒီ စက်ရုံ၊ အလုပ်ရုံတွေမှာ ကြည့်ပါ။ အခု နိုင်ငံခြားကိုလည်း ရောက်နေ တာပါ။ ဒီမှာ စက်ရုံ၊ အလုပ်ရုံဖွင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ နိုင်ငံခြား အတွေ့အကြုံရှိတဲ့ နိုင်ငံခြားသား

တွေလည်း ကျွန်တော်တွေ့ပါတယ်။ ဒါ အမည်ခံထားတာလည်း ရှိမယ်။ သူတို့ Joint Venture လုပ်ထားတာလည်း ရှိမယ်။ သူတို့တွေ သိပါတယ်။ သူတို့နိုင်ငံတွေ နိုင်ငံတကာ သူတို့တွေ သိပါတယ်။ အမှန်က ကျွန်တော်မြင်တာ မသိချင်ယောင် ဆောင်နေတာ။ အဲဒီတော့ ကျွန်တော်တို့ မသိချင်ယောင် ဆောင်နေတာ ကျွန်တော်တို့က ညံ့ရာကျတယ်။ ကျွန်တော်တို့က မသိတဲ့သဘောမျိုးပဲ ထားလိုက်တယ်။ အဲဒီစက်ရုံတွေမှာ သွားကြည့်ပါ။ သူတို့ရဲ့ လေ့ကျင့်ခန်းလုပ်ဖို့ အားကစား အစ ပစ္စည်းတွေ၊ ကျန်းမာရေး အတွက် ဒီဟာတွေ အပြည့်အစုံ ရှိပါတယ်။ ကျွန်တော်တို့ ဘယ်နှစ်ရုံများ ရှိပါသလဲခင်ဗျား။ ကျွန်တော်တို့ ဆန်းစစ်ကြည့်ပါ။ ဒါတွေဟာ ခုန အလုပ်သမားနဲ့ အလုပ်ရှင် တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်တဲ့ အပိုင်းတွေမှာ ပါပါတယ်။

နောက်တစ်ချက် သူတို့ Excursion တွေ ထွက်ပါတယ်။ ဒီ အလုပ်သမားတွေ၊ သက်ဆိုင်ရာ စက်ရုံက ဒီနေ့တော့ နားတယ်။ ဘယ်နေရာကို သွားမယ်။ ဒါမျိုးတွေလည်း ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ ဆီမှာရှိမယ်။ ရှားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်ထင်ပါတယ်။ ရှားတယ်လို့ ထင်ပါတယ်။ သူတို့တွေပြောရင် ရှိတယ်လို့ပဲပြောမယ်။ ဒါပေမဲ့ ရှားပါတယ်။ သေသေချာချာ ဂဃနဏ စာရင်းဇယားနဲ့ ကျွန်တော်တို့ ရှိဖို့ လိုပါတယ်။ အဲဒီတော့ ဒီဟာတွေဟာ ခုန အလုပ်သမားနဲ့ အလုပ်ရှင် မညီညွတ်မှု၊ Supervisor နဲ့ ခုနတုန်းက အလုပ်သမားတွေ မညီညွတ်မှု ဒီဟာတွေဟာ အောင်းနေတဲ့ အတွက်ကြောင့် ခုနတုန်းက အလုပ်သမားတွေဟာ သူတို့ရဲ့ ခံစားချက်တွေကို ဖော်ပြလာခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်တို့ Minimum Wages အနည်းဆုံး အခကြေးငွေ၊ အနည်းဆုံး အခကြေးငွေဆိုတာ ကျွန်တော်တို့ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ အနီးမှာရှိနေတဲ့ ထိုင်း နိုင်ငံကိုပဲ သွားပြီးတော့ လေ့လာကြည့်ပါ။ သိမှာပါ။ တစ်နေရာနဲ့ တစ်နေရာ မတူပါဘူးခင်ဗျား။ မတူဘူး။ ဘန်ကောက်မှာရှိနေတဲ့ အနိမ့်ဆုံးလစာနဲ့ ဒီဘက် ချင်းမိုင်မှာ ရှိနေတဲ့ဟာ မတူပါဘူး။ အဲဒီတော့ သူတို့ ဒေသထဲမှာရှိတဲ့ ခုနတုန်းက အလုပ်သမားတွေနဲ့ ခုန အလုပ်ရှင်တွေနဲ့ အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပြီး ဆုံးဖြတ်ကြတာ ရှိပါတယ်။ မဟုတ်လို့ ကျွန်တော်တို့ က ဇလုတ်တိုက် အကုန်လုံးလျှောက်ပြီးတော့ လုပ်နေမယ်ဆိုရင် ဒီနှစ်က ကျွန်တော်တို့ လုပ်ရင်းနဲ့ ရှေ့နှစ် ရောက်သွားတဲ့အခါ Inflaction က ကျွန်တော်တို့ ရှိလာတယ်။ ကုန်ဈေးနှုန်းတွေက တက်တယ်။ တစ်ခါ ထပ်ပြီးတော့ ကျွန်တော်တို့က နည်းနည်းအခြေအနေတွေက ရှုပ်ထွေးဦးမယ်။ ဒါတွေကလည်းပဲ ကျွန်တော်တို့ အရေးကြီးတဲ့အပိုင်းတွေ ဖြစ်နေပါတယ်။

နောက် အခု ကျွန်တော်တို့ စက်ရုံ၊ အလုပ်ရုံတွေမှာ ရှိနေတဲ့ အလုပ်သမားတွေဟာ ရွှေ့ပြောင်း အလုပ်သမားတွေ မဟုတ်ပါဘူးဆိုလိုတာ ရွှေ့ပြောင်းအလုပ်သမားဆိုတာ Migrant Worker တွေ ဒီပြင် နိုင်ငံက လာပြီးတော့လုပ်နေတဲ့ အလုပ်သမားတွေမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်တွင်းက ကျွန်တော်တို့ ပြည်သူ/ပြည်သားတွေပဲ ဖြစ်ပါတယ်။ အာဆီယံမှာ အခု Migrant Worker တွေ၊ ထိုင်းနိုင်ငံမှာလုပ်တယ်။ မလေးရှားမှာ လုပ်တယ်။ အင်ဒိုနီးရှားမှာ လုပ်တယ်။ ဒီပြင်နိုင်ငံ၊ အဲဒီ Migrant Worker တွေရဲ့ ရပိုင်ခွင့် တွေ၊ သူတို့ကို အကာအကွယ်ပေးဖို့ စသည်အားဖြင့် ဒါတွေ ဆောင်ရွက်နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်တွင်းမှာရှိတဲ့ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေကို အကာအကွယ်ပေးဖို့ လိုအပ် ပါတယ်။ မပေးဘူးလို့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော် တိကျတဲ့ဇယားနဲ့ သေသေချာချာ ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ရှိနေတဲ့ အလုပ်သမားတွေနဲ့ ကျွန်တော်တို့

အလုပ်ရှင်တွေနဲ့ အားလုံးဟာ စည်းစည်းလုံးလုံးနဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေအားလုံး၊ မြန်မာလူမျိုးတွေ ဆိုတာ ကျွန်တော် အားလုံးကို ပြောတာပါ။ ကျွန်တော်က ဗမာပါ။ ဒီပြင် ရှမ်းတို့၊ ကျွန်တော်က ဗမာ၊ မြန်မာလူမျိုးတွေဆိုတော့ အားလုံးလို့၊ အားလုံးရဲ့ ကျွန်တော်တို့ ပြည်သူ/ပြည်သားတွေရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံဟာ အကုန်လုံးက ယဉ်ယဉ်ကျေးကျေးပါ။ မရိုင်းစိုင်းပါဘူး။

ဒါကြောင့်မို့လို့ အလုပ်ရှင်နဲ့ ဒီခုနတုန်းက အဲဒီ အလုပ်သမားဟာလည်း အတူတူပါပဲ။ နိုင်ငံခြားကလာလုပ်နေတာ မဟုတ်ပါဘူး။ ဒါကြောင့် ညီညီညွတ်ညွတ်နဲ့ ဖြစ်အောင်လို့ ခုနကျွန်တော် တင်ပြဆွေးနွေးခဲ့တဲ့ဟာတွေကို အဆိုအဖြစ်နဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)ရဲ့ အလုပ်ရှင်နဲ့ အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မြေ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့် မှ ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အလုပ်ရှင်နှင့် အလုပ်သမားပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များကလွှတ်တော်က

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နား ပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၃း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]